# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္လာနေ့ အတွဲ(၆၆)၊ အမှတ်(၀၂၆)






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "သဘင့်မာန်ဟုန်ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိဓူရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိတပ်နယ်အားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆


**ယနေ့ ဖတ်စရာ**

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် သဘာဝဘေးအန္တရာယ်များ — ဆောင်းပါး — စာ ၆

တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ — သတင်းများ — စာ ၁၃

အယ်လ်နီညိုနှင့် ရေသယံဇာတ — ဆောင်းပါး — စာ ၁၈

မြို့တစ်မြို့ ရေရှည်တည်တံ့ဖို့ ဘာတွေလိုအပ်သလဲ — ဆောင်းပါး — စာ ၂၀


## မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၏ (၁၅၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပ



မုဒုံ အောက်တိုဘာ ၂၅

မွန်ပြည်နယ် မုဒုံမြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၅၂)ကြိမ်မြောက် သီတင်းကျွတ် ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ကန်ကြီးမင်္ဂလာကန်တော်၌ ကျင်းပရာ ကန်ကြီးစေတီ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကေတုဝါရနှင့် ဂေါပကအဖွဲ့ဝင်များသည် ကန်ကြီးစေတီတော်အား ရှိခိုးဦးတိုက်ကန်တော့၍ ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၇ ကော်လံ ၃* ✻




## အားကောင်းသောမုန်တိုင်းငယ် ၇၂ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် တောင်-အနောက် တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၁၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက်

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## လေရှီးမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

လေရှီး အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဒိန်းဂလိန်းအုပ်စု ရေဒေါင်ကျေးရွာရှိ ကွင်းအမှတ်- OSS-3၊ ဦးပိုင်အမှတ် -၉၀ တောင်သူ ဦးယားပေ့၏ မိုးစပါး စံပြစိုက်ကွက် ၆ ဒသမ ၆ ပေ ပတ်လည် ကောင်း၊ သင့်၊ ညံ့သုံးကွက်ကို ယနေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှတစ်ဧက အစိုအထွက်နှုန်း ၉၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑








## ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) အကပြိုင်ပွဲ ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးစဉ်။

◆ *ရွှေဖုံးမှ*

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား) အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက တီးလုံးတီးကွက်များနှင့် စည်းကိုက်ဝါးကိုက် ခေါင်းခါးခြေလက် ပိုင်နိုင်စွာဖြင့်လည်းကောင်း၊ ဝတ်စားဆင်ယင်မှု၊ မျက်နှာသွင်ပြင် ဟန်ပန် သေသပ်မှုတို့ဖြင့်လည်းကောင်း တစ်ဦးချင်းစီအလိုက် ပါဝင်ယှဉ်ပြိုင်ကပြနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိတပ်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက ချစ်သမျှကို (ပတ်ပျိုး)သီချင်းဖြင့် သာယာနာပျော်ဖွယ် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇာတ်တော်ကြီးပြိုင်ပွဲ၌ အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**❝ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိ ❞**

○ *ရွှေဖုံးမှ*

ရေမိုင် ၄၇၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၅၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၅ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၁ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း- အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့တွင် အားအလွန်ကောင်းသောဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်ရှိ ပုဗ္ဗသီရိတပ်နယ်အားကစားခန်းမ၌ ကျင်းပသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**ဝိဓူရဇာတ်တော်ကြီး ကြည့်ရှုအားပေး**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အဖွဲ့ဝင်များ လိုက်ပါ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ယှဉ်ပြိုင်လျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "ဝိဓူရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**တီထွင်ဖန်တီးကပြယှဉ်ပြိုင်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပရိသတ်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "သဘင့်မာန်ဟုန်ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိဓူရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနိမ့်အမြင့်အလိုက် ရှေးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ" ရပ်၊ အလွမ်းအဆွေးသရုပ်ဆောင်ရာတွင် အသုံးချသည့် "အငိုပညာ" ရပ်နှင့် နားထောင်ရသူစွဲမက်စေမည့် "အပြောပညာ" ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက်မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဝိဓူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသော ပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါး အကြောင်း သိရှိနားလည် ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့် မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို ပွားများနိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်းနှင့် ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅** ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိမမြရေလှောင် တမံ၏ ဆင်ခြေလျှော နိမ့်ကျမှု အား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှု ရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို စက်ယန္တရားများ အသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၈ ဒသမ ၅၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၆ ဒသမ ၅၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်က တာဝန်ရှိသူများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

*❑ ရှေ့ဖုံးမှ*

အဆိုပါ စံကွက်ရိုက်သိမ်းခြင်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဖြိုးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လေရှီး(ပြန်/ဆက်)**

**ပညာရွှေအိုး လူမခိုး။**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေအတွင်းရှိ ဘေးမဲ့ကန်များတွင် မွေးမြူထားသောငါးများ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သေဆုံးမှုမရှိစေရေး ကြိုတင်ကာကွယ်ပြင်ဆင်နိုင်ရေးအတွက် အောက်တိုဘာ ၂၄ ရက်က နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့် တာဝန်ရှိသူများက အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ပျဉ်းမနားမြို့နယ် မင်္ဂလာရှမ်းကန်၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်(ရွှေလက်လှ)ဘုရား ငါးကန်၊ လယ်ဝေးမြို့နယ် ဖောင်တော်ချက်မဘုရား ငါးကန်၊ ပုဗ္ဗသီရိမြို့နယ် သတ္တဌာနဘုရား ငါးကန်နှင့် ဥပ္ပါတသန္တိ မာလိမင်္ဂလာဘုရား ငါးကန်များသို့ သွားရောက်ကွင်းဆင်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ငါးကန်များတွင် မွေးမြူထားသည့် ငါးများ အပူချိန်မြင့်တက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ငါးများဆုံးရှုံးမှုကို လျှော့ချနိုင်ရေးအတွက် ရေစုပ်ပန့်၊ လေပေးစက်နှင့် အခြားအရေးပေါ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေးတို့အတွက် အသိပညာပေးပိုစတာများနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# “ယခုပြိုင်ပွဲကရရှိသည့် အတွေ့အကြုံကောင်းများကို အခြေခံပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်”

❒ *ကျော့ဖုံးမှ*

အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်အဖွဲ့များမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အသိအမှတ်ပြုမှုတစ်ရပ်ဖြစ်**

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပြိုင်ပွဲတွင် ထူးချွန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြသူများကို ဆုချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားတစ်ခုသာမက မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထားမြတ်နိုးကြသူများ၏ ကြိုးစားအားထုတ်မှုနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ အနာဂတ်မျှော်မှန်းချက်များကို အသိအမှတ်ပြုအားပေးသည့် အခမ်းအနားဖြစ်ကြောင်း၊ ယခုရရှိသည့်ဆုများသည် မိမိတို့၏ ပင်ကိုအရည်အချင်း၊ လေ့ကျင့်အားထုတ်မှုနှင့် ဇွဲလုံ့လများကို အသိအမှတ်ပြုမှုတစ်ရပ်ဖြစ်သကဲ့သို့ အနုပညာရပ်များကို ဆက်လက်လေ့လာသင်ယူပြီး ပိုမိုတိုးတက်အောင် ကြိုးစားသွားကြရန်အတွက် တွန်းအားတစ်ရပ်ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အနုပညာလောကတွင် အောင်မြင်မှုသည် ဆုတံဆိပ်ရရှိခြင်းတစ်ခုတည်းဖြင့် တိုင်းတာ၍မရဘဲ ပညာရပ်ကို နက်နက်ရှိုင်းရှိုင်း နားလည်တတ်မြောက်မှုနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်မှုတို့ဖြင့် တိုင်းတာကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ရာ တိုင်းရင်းသားလူမျိုးအသီးသီး၏ အဆို၊ အက၊ အရေး၊ အတီး ရိုးရာအနုပညာများကို လေ့လာဖော်ထုတ်ခြင်း၊ အပြန်အလှန်မျှဝေခြင်းနှင့် တန်ဖိုးထားလေးစားခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ် ကိုခိုင်မာစေရန် အထောက်အကူပြုကြောင်း၊ အနုပညာသည် ဘာသာစကားနှင့် ဒေသကွာခြားမှုများကိုကျော်လွန်ပြီး လူတို့၏ စိတ်နှလုံးကို ဆက်သွယ်ပေးနိုင်သည့် တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကရရှိသည့် အတွေ့အကြုံ ကောင်းများကို အခြေခံပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဒုတိယသမ္မတက အဆိုမဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့်မောင်မောင်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်မှ မောင်ဝင်းညီညီ၊ ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်သိန်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဖုန်းမြင့်မြတ်တို့ကို လည်းကောင်း၊ အဆိုမဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မဟေမာန်ကျော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဖြိုးဇင်မီကျော်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်ဦးတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အဆိုမဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက အဆိုခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အဆိုခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အဆိုခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီးများက အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာ အဆင့်များတွင် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများ၏ “အလှဝေဖြာ မြန်မာ့ရိုးရာ” သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရရှိကြသည့် ပြိုင်ပွဲဝင်များအား ပထမဆု ၈၆ ဆု၊ ဒုတိယဆု ၈၃ ဆုနှင့် တတိယဆု ၈၁ ဆု စုစုပေါင်း ဆု ၂၅၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဆိုခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရ မဆုမြတ်နိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း အဆိုခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရ မသျှန်ယွန်းဖြူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် သဘာဝဘေးအန္တရာယ်များ

**ဒေါက်တာဇေယျာဝင်း**

**သဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သိသာထင်ရှားသော သက်ရောက်မှုများရှိသည်။ ငလျင်၊ မုန်တိုင်း၊ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုကဲ့သို့သော ဘေးအန္တရာယ်များသည် အခြေခံအဆောက်အအုံများ၊ လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကို ပျက်စီးစေပြီး စီးပွားရေးဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘဏ္ဍာရေးအရင်းအမြစ်နည်းပါးမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများက နှေးကွေးတတ်သည်။**

> ❖ **ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးရမှု လျှော့နည်းစေရေးနှင့် ခံနိုင်ရည်ရှိစေရေး စီမံဆောင်ရွက်မှုများမှတစ်ဆင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအနေဖြင့် စီးပွားရေးတည်ငြိမ်မှုရရှိပြီး ပြန်လည်ထူထောင်ရေးကုန်ကျစရိတ်များ လျှော့နည်းနိုင်သည်။ လူမှုဖွံ့ဖြိုးမှု အားကောင်းလာပြီး ဆင်းရဲမှုနှင့် မညီမျှမှုများ လျှော့နည်းနိုင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုကောင်းမွန်လာပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိလာနိုင်**
>
> ❖ **သဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအလားအလာများကို သိသာစွာ ထိခိုက်စေသည်။ သို့သော် ကြိုတင်ပြင်ဆင်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို လျှော့ပါးစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်**

ထို့ပြင် သဘာဝဘေးအန္တရာယ်များသည် လူသေဆုံးမှု၊ ဒဏ်ရာရမှုနှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုများကို ဖြစ်ပေါ်စေပြီး ဆင်းရဲမှုနှင့် မညီမျှမှုကို ပိုမိုဆိုးရွားစေသည်။ သောက်သုံးရေပြတ်လပ်မှု၊ ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ထိခိုက်ခြင်း စသည်တို့ကြောင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည်။ ကျောင်းများနှင့် ပညာရေးအဆောက်အအုံများ ပျက်စီးခြင်းကြောင့် ကလေးများ၏ ပညာသင်ကြားမှု ရပ်တန့်သွားတတ်ကာ အကျိုးဆက်အားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုကို ဦးတည်ပြီး ရေရှည်ဖွံ့ဖြိုးမှုကို ထိခိုက်စေပါသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဝိသေသများ**

ဖွံ့ဖြိုးဆဲနိုင်ငံများသည် GDP နှင့် စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ကျကာ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍများထက် စိုက်ပျိုးရေးကို အဓိကမှီခိုနေရသည်။ လူမှုဖွံ့ဖြိုးမှုညွှန်းကိန်းဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် သက်တမ်းရှည်ကြာနေထိုင်နိုင်မှုတို့တွင် အဆင့်နိမ့်ကျကာ စာတတ်မြောက်မှုနှုန်းနည်းပါးပြီး ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အားနည်းနေတတ်သည်။ အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ ရေပေးဝေရေးနှင့် ဆက်သွယ်ရေးစနစ်များတွင် အကန့်အသတ်ရှိကာ မြို့ပြဖွံ့ဖြိုးမှုနှုန်းလည်း နှေးကွေးသည်။ မွေးဖွားနှုန်းမြင့်မားပြီး သေဆုံးနှုန်းလည်း မြင့်မားနိုင်သည်။ ချမ်းသာသူနှင့် ဆင်းရဲသူအကြား ကွာဟချက်ကြီးမားသည်။ အလုပ်အကိုင်အခွင့်အလမ်း အကန့်အသတ်ရှိပြီး အလုပ်လက်မဲ့နှုန်း မြင့်မားနိုင်သည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားအကူအညီ သို့မဟုတ် ချေးငွေများကို မကြာခဏ မှီခိုနေရသည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးကာ နည်းပညာတိုးတက်မှု နှေးကွေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးသည် သဘာဝသယံဇာတများ (ဥပမာ- သတ္တုတွင်း၊ စိုက်ပျိုးရေး) ကို အဓိကမှီခိုနေရသည်။ ပို့ကုန်မှာလည်း အဓိကအားဖြင့် ကုန်ကြမ်းများသာ ဖြစ်တတ်သည်။ ကျား-မ တန်းတူညီမျှမှု သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာများတွင်လည်း စိန်ခေါ်မှုများ ရှိနိုင်သည်။

**သဘာဝဘေးအန္တရာယ်များ၏ အတိုင်းအဆ**

သဘာဝဘေးအန္တရာယ်များသည် လူတစ်ဦးချင်းစီအပေါ်တွင် ကြီးမားသည့်သက်ရောက်မှုများရှိသလို နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုအပေါ်တွင်လည်း သက်ရောက်မှု အတိုင်းအဆ ကြီးမားတတ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးများဖြစ်ပွားပါက သက်ရောက်မှုပမာဏ အလွန်များပြားတတ်ပါသည်။ အခြေခံအဆောက်အအုံများ (လမ်းများ၊ တံတားများ၊ စက်ရုံများ) ပျက်စီးမှုကြောင့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုရပ်တန့်သွားနိုင်သည်။ လယ်ယာမြေများ ပျက်စီးခြင်းနှင့် သီးနှံဆုံးရှုံးမှုသည် စားနပ်ရိက္ခာဖူလုံမှုနှင့် ပို့ကုန်ဝင်ငွေကို ထိခိုက်စေသည်။ ပြန်လည်ထူထောင်ရေးအတွက် ကြီးမားသော ဘဏ္ဍာရေးအရင်းအမြစ် လိုအပ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရန်ပုံငွေကို လမ်းကြောင်းပြောင်းသွားစေသည်။

သဘာဝဘေးအန္တရာယ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုနှင့် ဆင်းရဲမှုတိုးပွားခြင်းသည် လူမှုတည်ငြိမ်မှုကို ထိခိုက်စေသည်။ ကျောင်းများနှင့် ဆေးရုံများ ပျက်စီးခြင်းကြောင့် ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ပြတ်တောက်စေကာ အကျိုးဆက်အားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်။ လူထုအတွင်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများသည် ရေရှည်တွင် လူမှုဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည်။

ရေကြီးမှု၊ မြေပြိုမှုနှင့် မိုးခေါင်မှုကဲ့သို့သော ဘေးအန္တရာယ်များသည် သဘာဝအရင်းအမြစ်များ (မြေဆီလွှာ၊ ရေအရင်းအမြစ်၊ သစ်တောများ)ကို ပျက်စီးစေပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ထိခိုက်စေသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုပြင်းထန်လာစေကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်မှုတိုးလာသည်။ သဘာဝဘေးအန္တရာယ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးစနစ်များအတွက် ကြီးမားသော စိန်ခေါ်ချက်များကို ဖြစ်စေနိုင်ပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရင်းအမြစ်များ ဦးစားပေးအသုံးပြုရသဖြင့် အခြားဖွံ့ဖြိုးရေးမူဝါဒများ နှောင့်နှေးနိုင်သည်။ သဘာဝဘေးအန္တရာယ်များသည် အားနည်းသော လူထုအပေါ် ပိုမိုသက်ရောက်မှုရှိပြီး ဆင်းရဲမှုသံသရာကို ပိုမိုဆိုးရွားစေသည်။ သဘာဝဘေးကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ဝင်ငွေနည်းပါးမှုမှတစ်ဆင့် လူမှုအဖွဲ့အစည်းအတွင်း မညီမျှမှုကို ပိုမိုဖြစ်ပေါ်စေသည်။

**လျှော့ပါးသက်သာစေရေးနည်းအသွယ်သွယ်**

သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို လျှော့ပါးသက်သာစေရန် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစီအမံများ၊ နည်းလမ်းများကို အကောင်အထည်ဖော်ထားရှိရန် လိုအပ်ပါသည်။ ဘေးအန္တရာယ်စောင့်ကြည့်ရေးနှင့် ကြိုတင်သတိပေးစနစ်များ (ဥပမာ- မုန်တိုင်းသတိပေးချက်၊ ငလျင် စောင့်ကြည့်ရေးစနစ်)တည်ဆောက်ရန်၊ ဒေသခံလူထုအား ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးရန်နှင့် ကယ်ဆယ်ရေးလေ့ကျင့်မှုများပြုလုပ်ရန်၊ ငလျင်၊ ရေကြီးမှု၊ မုန်တိုင်းဒဏ်ခံနိုင်သော အဆောက်အအုံများ (ဥပမာ- ခိုင်ခံ့သောနေအိမ်၊ တံတားများ) တည်ဆောက်ရန်၊ ရေရှည်တည်တံ့သော မြို့ပြစီမံကိန်းများဖြင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် နေရာများကို ရှောင်ရှားရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းများ (ဥပမာ- မိုးခေါင်ဒဏ်ခံသီးနှံများ)နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (ဥပမာ- နေစွမ်းအင်၊ လေစွမ်းအင်) အသုံးပြုမှုကို တိုးမြှင့်ရန်၊ အမျိုးသားအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေစုဆောင်းရန်၊ ဘေးအန္တရာယ်အာမခံ အစီအစဉ်များကို အကောင်အထည်ဖော်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ဘဏ္ဍာရေး၊ နည်းပညာနှင့် လေ့ကျင့်ရေးအကူအညီများရယူရန်၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြင့် အရင်းအမြစ်များနှင့် အသိပညာမျှဝေရန်၊ အမျိုးသမီးများ၊ ကလေးများနှင့် အားနည်းသော အုပ်စုများအတွက် အထူးအကာအကွယ်နှင့် ပံ့ပိုးမှုများပေးရန် စသည့်အချက်များ အလေးထားဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှု လျှော့ပါးသက်သာစေနိုင်ပါသည်။

**အကျိုးကျေးဇူးများ**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးရမှု လျှော့နည်းစေရေးနှင့် ခံနိုင်ရည်ရှိစေရေး စီမံဆောင်ရွက်မှုများမှတစ်ဆင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအနေဖြင့် စီးပွားရေးတည်ငြိမ်မှုရရှိပြီး ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်များ လျှော့နည်းနိုင်သည်။ လူမှုဖွံ့ဖြိုးမှု အားကောင်းလာပြီး ဆင်းရဲမှုနှင့် မညီမျှမှုများ လျှော့နည်းနိုင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုကောင်းမွန်လာပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိလာနိုင်သည်။

သဘာဝဘေးကြိုတင်ခန့်မှန်းနိုင်ပြီး အရေးပေါ်အခြေအနေ တုံ့ပြန်မှုစနစ်များ ကောင်းမွန်လာခြင်းကြောင့် သေဆုံးမှုနှုန်းလျော့ကျစေသည်။ ပြည်သူများအား ဘေးအန္တရာယ်သတိပေးစနစ်များ၊ ပညာပေးလုပ်ငန်းများဖြင့် ကြိုတင်ပြင်ဆင်နိုင်စွမ်း တိုးမြင့်လာစေသည်။ ကြိုတင်ကာကွယ်မှုများ အစီအစဉ်တကျ ဆောင်ရွက်ထားရှိခြင်းအားဖြင့် လူနေအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ (လမ်း၊ တံတား၊ ဆည်များ) ပျက်စီးမှုကို လျှော့ချနိုင်သည်။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ပိုမိုတည်ငြိမ်စေသည်။

သဘာဝဘေးကြောင့် အိုးအိမ်စွန့်ခွာရွှေ့ပြောင်းရသူများ နည်းပါးလာစေသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာကာ ကပ်ဘေးကြောင့်ဖြစ်ပွားသော ရောဂါများ (ဥပမာ- ရေကြီးပြီးနောက် ဝမ်းပျက်ဝမ်းလျှောရောဂါ)ကို ကာကွယ်နိုင်သည်။ သစ်တောပြုန်းတီးမှုကို ကာကွယ်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ ကျင့်သုံးခြင်းဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည် တိုးမြင့်လာစေသည်။ ရေဝေရေလဲနှင့် မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်းများက ရေကြီး၊ မိုးခေါင်မှုကို လျှော့ပါးစေသည်။ သဘာဝဘေးအန္တရာယ် လျှော့ချရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ငွေကြေး၊ နည်းပညာ ပံ့ပိုးမှုများ ပိုမိုရရှိနိုင်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းများဖြင့် ပြည်သူများ၏ ဘေးဒဏ်ခံနိုင်ရည် တိုးတက်လာစေသည်။

သဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအလားအလာများကို သိသာစွာထိခိုက်စေသည်။ သို့သော် ကြိုတင်ပြင်ဆင်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဖြင့် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို လျှော့ပါးစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်သည်။ ဤဗျူဟာများကို ဒေသအလိုက် လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်အကောင်အထည်ဖော်ရန် လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် ကြိုတင်ကာကွယ်မှုမူဝါဒများ၊ အခြေခံအဆောက်အအုံခိုင်မာရေးများအပြင် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၅**

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြသည်။

ပြည်ထောင်စု လွှတ်တော်နာယကနှင့်အဖွဲ့ကို ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr. Sergei ALEINK ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ညပိုင်းတွင်ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ခံတက်ကြွခိုင်မှု၊ စည်းကမ်းရှိမှု၊ ဖွဲ့ လုံ့လနှင့် အသင်းအဖွဲ့စိတ်ဓာတ်များ တိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲသည် ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ဓာတ်ကြွခိုင်မှု၊ စည်းကမ်းရှိမှု၊ ဇွဲလုံ့လနှင့် အသင်းအဖွဲ့စိတ်ဓာတ်များ တိုးတက်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ရှမ်းဇုန်နှင့် ရန်ကုန်ဇုန်တို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးရာ ရှမ်းဇုန်အသင်းက ရန်ကုန်ဇုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အားကစားပြိုင်ပွဲများတွင် တက္ကသိုလ်များကို ဒေသအလိုက် စစ်ကိုင်းဇုန်၊ နေပြည်တော်ဇုန်၊ မကွေးဇုန်၊ မန္တလေးဇုန်၊ မွန်ဇုန်၊ ရန်ကုန်ဇုန်၊ ရှမ်းဇုန်နှင့် ဧရာဝတီဇုန်ဟူ၍ ဇုန်ရှစ်ခုခွဲကာ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဘော်လီဘော၊ ဘောလုံးဟူ၍ အားကစားနည်း ခြောက်မျိုးဖြင့် အားကစားသမား ၃၆၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အားကစားနည်းအလိုက် Naypyitaw State Polytechnic University၊ ရွှေကြာပင်အားကစားကွင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)တို့တွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့ရှိ ပရိဘောဂစက်ရုံများနှင့် ခဲမဖြူ သတ္တုသန့်စင်စက်ရုံအား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၅**

သန်လျင်မြို့ရှိ အမှတ်(၁) ပရိဘောဂစက်ရုံနှင့် အမှတ်(၂) ပရိဘောဂစက်ရုံတို့၌ သစ်အချောထည်ပရိဘောဂပစ္စည်းများထုတ်လုပ်၍ ဈေးကွက်သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်နေမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးနှင့်အတူ သန်လျင်မြို့ရှိ အမှတ်(၃) ပရိဘောဂစက်ရုံသို့ရောက်ရှိပြီး တာဝန်ရှိသူများက ပရိဘောဂစက်ရုံများမှ ကုန်ချောများထုတ်လုပ်မှုနှင့် ဈေးကွက်သို့ ဖြန့်ဖြူးပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမှတ်(၁)ပရိဘောဂစက်ရုံနှင့် အမှတ်(၂) ပရိဘောဂစက်ရုံရှိ သစ်အချောထည်ပရိဘောဂများထုတ်လုပ်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သစ်အချောထည်များထုတ်လုပ်ရာတွင် သစ်အလေအလွင့်အနည်းဆုံးနှင့် လက်ရာသေသပ်ကောင်းမွန်စေရေး ထုတ်လုပ်သွားရန် မှာကြားခဲ့သည်။

ထို့ပြင် ခဲမဖြူသတ္တုသန့်စင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှိဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ရိုးသားကြိုးစားစွာဖြင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်မှာကြားပြီး စက်ရုံအတွင်း စက်ရုံလည်ပတ်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆုမွန်ကောင်း

❊ သင်, သူ, ငါ ဘဝ
အစစ
ချမ်းမြ ကြည်သာ ရှိပါစေ။

❊ စာနာ စိတ်ထား
မေတ္တာပွား
နားလည် သိတတ် နိုင်ပါစေ။

❊ ပြည်သား ပီစွာ
ကိုယ့်ပြည်ရွာ
ကောင်းစွာ စောင့်ရှောက်နိုင်ပါစေ ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

# ပန်းတောင်းမြို့နယ်၌ စူပါအယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

**ပန်းတောင်း အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ စူပါအယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဥသျှစ်ပင်တိုက်နယ်ကျန်းမာရေးဌာန RHC (Main) နာဂမုနိဘုရားကြီးဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လတ်သူသူကျော်က အပူဒဏ်အန္တရာယ်မှ ကာကွယ်နိုင်ရေးနည်းလမ်းများနှင့် မကူးစက်တတ်သောရောဂါများအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးမှူး ဦးကိုကိုလွင်က ကူးစက်တတ်သောရောဂါများအကြောင်း၊ ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောသည်။

အဆိုပါဆွေးနွေးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့သည်။



**လပြည့်လင်း(ပြန်/ဆက်)**

***❊ ရွှေဖုံးမှ***

မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် မုဒုံမြို့ပေါ် ရပ်ကွက်များမှ လှေလှော်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် ကောင်းအိမ်သူ လှေလှော်အသင်းနှင့် မုဒုံမြေလှေလှော်အသင်းတို့ စတင်ယှဉ်ပြိုင်သည်။

လှေလှော်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပပြီး ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**ရာမည(ပြန်/ဆက်)**





နိုင်ငံတော်ဖွံ့ဖြိုးစည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်နှင့် တာဝန်ရှိသူများ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဥဿာရုပ်စုံ အမြင့်သဘင်အဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**သီဆိုယှဉ်ပြိုင်**

ယနေ့တွင် **“မဟာဂီတ”** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ နီလာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခြည်ပန်းထောင်ကွန့် စက်နေရုံ” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်း ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြူပြာမှုရာ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်”** တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ညီတော်မင်းနန်”(ဝင်းဦး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖန်တီးသူတို့အပြုံးများ” (ဂီတလုလင်မောင်ကိုကို) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**အကပညာစွမ်းရည်ကို ပြသယှဉ်ပြိုင်**

**အကပြိုင်ပွဲ**ကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း စည်းချက်မှန်ကန်မှု၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကို ပြသယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ်ရတနာ” ခေါင်းစဉ်ဖြင့် သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးယှဉ်ပြိုင်ကြသည်။






ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းတို့ အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်စိုးမိုးသူ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်**

**ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြန်မာ့ရိုးရာဆိုင်းဝိုင်း၏ ထူးခြားလှသော သံစဉ်များ၊ စည်းချက်ဝါးချက် ညီညွတ်မျှတမှုနှင့် တီးခတ်မှုအနုပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်၍ ယှဉ်ပြိုင်တီးခတ်ကြသည်။

**နှဲပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊

*စာမျက်နှာ ၉ သို့*

ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြို့ညိုစံရာ”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်သပြေညာ”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်




တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဒေါ်နှင်းနှင်းဝေ တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မအေးလင်းသူ တီးခတ်ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၈ မှ*

မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သာဆန်းရဂုံဖွေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညင်းညင်း" (မွန်) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရေယမုန်"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါဟေမာန်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးခင်မောင်စိုး၊ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။





ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးရဲထက်နှင့်အဖွဲ့ ယှဉ်ပြိုင်တီးခတ်နေမှုကို ကြည့်ရှုအားပေးစဉ်။

### ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်

**ပလွေပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညဥ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**တယော အတီးပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒီပါအေးမြ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**စန္ဒရား အတီးပြိုင်ပွဲ**ကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သေနင်္ဂအမည်"(မိုးဘွဲ့ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပန်းမြိုင်လယ်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တောဟေဝန်လယ်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

### အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ **ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ**တွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဥသ္သာရုပ်စုံ အမြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

### အနုပညာရသမြောက်စွာ ယှဉ်ပြိုင်

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သဘင့်မာန်ဟုန် ရွှေရန်ကုန် ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြောအနုပညာ ပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

### လာရောက်ကြည့်ရှုအားပေးခဲ့

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဦးပိုင်အောင်နှင့်အဖွဲ့ ယှဉ်ပြိုင်တီးခတ်နေမှုကို တွေ့ရစဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်မြမြဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်တီးခတ်နေမှုကို တွေ့ရစဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်တွေကို လူငယ်တွေဆက်လက်ပြီး ထိန်းသိမ်းစေချင်ပါတယ် ဒါမှသာ လက်ဆင့်ကမ်းနိုင်မှာဖြစ်ပါတယ်

မသဉ္ဇာလင်း

နေပြည်တော်　အောက်တိုဘာ ၂၅

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအားတွေ့ဆုံ မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -


ဦးကျော်ကျော်


မဖူးဧကရီဆောင်း


မောင်ရဲရင့်ဗိုလ်


ဦးပြည့်စုံ


မသဉ္ဇာလင်း

**ဦးကျော်ကျော်**
**(ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု)**
**ဝါသနာရှင်(ပထမတန်း) အရေးပြိုင်ပွဲဝင်**

အရေးလေ့ကျင့်မှာတော့ သုံးပါးရတနာ သီချင်းနဲ့ ရေးဖွဲ့ခဲ့တယ်။ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေ ကျွန်တော်တို့နိုင်ငံမှာ အထွတ်အမြတ်ထားတဲ့ အကြောင်းလေးတွေ ရေးဖွဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနေ့ကတော့ ရေးထားတဲ့သီချင်းကို အရေးပြန်ဆိုယှဉ်ပြိုင်တာပါ။ ပြီးခဲ့တစ်နှစ်ကျော်တုန်းက ဝါသနာရှင် ပထမတန်း အရေးပြိုင်ပွဲမှာ မြန်မာ့ရိုးရာအမွေအလှ တိုးဖြာစေသီချင်းနဲ့ ငွေတံဆိပ်ရခဲ့ပါတယ်။ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အနောက်တိုင်းယဉ်ကျေးမှုတွေ လွှမ်းမိုးမှုမရှိအောင် ကိုယ့်ရိုးရာအမွေအနှစ်တွေကို ချစ်မြတ်နိုးတန်ဖိုးထားလာအောင် လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်အောင် ဒီလိုပြိုင်ပွဲမျိုးတွေ နှစ်တိုင်း ကျင်းပပေးစေလိုပါတယ်။ အခုလိုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း မျိုးဆက်သစ်တွေ ကိုယ်စား ကျေးဇူးတင်ပါတယ်လို့ပြောကြားလိုပါတယ်။

**မဖူးဧကရီဆောင်း**
**(ဝါသနာရှင်၊ ပထမတန်း၊ အက)**

သမီးက မွန်ပြည်နယ်ကိုကိုယ်စားပြုပြီး ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ တတိယဆု ရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်လည်း အများကြီး ကြိုးစားခဲ့ပါတယ်။ အကနဲ့ယှဉ်ပြိုင်ရာမှာ အားရကျေနပ်မှုရှိပေမယ့် သီချင်းဆိုရာမှာ ကိုယ့်အသံကိုယ် သိပ်မကြားရလို့ အားသိပ်မရပါဘူး။ အခါအခွင့်သင့်ရင်လည်း နောက်နှစ်တွေမှာ လာရောက်ယှဉ်ပြိုင်ဦးမှာပါ။ အနုပညာအနေနဲ့ကတော့ သီချင်းလည်း ဆိုပါတယ်၊ ကလည်းကပါတယ်။ ကိုယ်လုပ်နေတဲ့အနုပညာတစ်ခုကို အခုလို ချပြခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာပီတိဖြစ်ရပါတယ်။

**မောင်ရဲရင့်ဗိုလ်**
**(ဝါသနာရှင်၊ ဒုတိယတန်း၊ အက)**

ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီးကို ကိုယ်စားပြုယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဗဟိုအဆင့်မှာ ပထမဆုံးယှဉ်ပြိုင်တာဖြစ်ပါတယ်။ အများကြီး ကြိုးစားခဲ့ရပါတယ်ခင်ဗျာ။ ပထမဆုံး ဗဟိုအဆင့် ယှဉ်ပြိုင်ရတာဆိုတော့ စိုးရိမ်စိတ်လေးတွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာ အားရကျေနပ်ပါတယ်။ ဆက်ပြီးတော့လည်း ကြိုးစားသွားပါမယ်။ သင်ကြားပြသပေးခဲ့တဲ့ဆရာတွေကို ကျေးဇူးတင်ရသလို လာရောက်ယှဉ်ပြိုင်ရလို့လည်း ပျော်ရွှင်ရပါတယ်။

**ဦးပြည့်စုံ**
**(စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု)**
**ဝါသနာရှင် (ဒုတိယတန်း) နဲ့ပြိုင်ပွဲ**

ကျွန်တော့်အကြိုက်ဆုံး သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရှေ့နှစ်တွေက ဒုတိယဆုတွေနဲ့ ကျေနပ်ခဲ့ရတဲ့အတွက် ဒီနှစ်ကို ရွှေတံဆိပ်ဆုရအောင် အချိန်တွေအများကြီးပေးပြီး လေ့ကျင့်ခဲ့ပါတယ်။ နဲ့ပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာမှုတ်နိုင်ဖို့ဆိုရင် အနည်းဆုံး သုံးနှစ်လောက်လေ့လာပြီး လေ့ကျင့်မှသာ ကျွမ်းကျင်တဲ့နဲ့မှုတ်သူတစ်ဦးဖြစ်လာမှာပါ။ အပြင်အသက်မွေးဝမ်းကျောင်းအနေနဲ့ ဗလာဆိုင်းမှာ နဲ့ပညာရပ်နဲ့ လိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မသဉ္ဇာလင်း**
**(ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု)**
**ဝါသနာရှင် (ပထမတန်း)**
**တယောအတီးပြိုင်ပွဲဝင်**

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုနဲ့ တယောအတီးပြိုင်ပွဲကို အောင်မင်္ဂလာ (ယိုးဒယား) သီချင်းနဲ့ ယှဉ်ပြိုင်တာပါ။ ဆုရမယ်လို့ မျှော်လင့်ပါတယ်။ အရင် (၂၃)ကြိမ်မြောက် အဆင့်မြင့်ပညာအဆင့် တယောပြိုင်ပွဲမှာ ရွှေတံဆိပ်တစ်ခု၊ (၂၄) ကြိမ်မြောက်မှာ တယောနဲ့ပဲ ဝါသနာရှင် (ပထမတန်း)မှာ ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ တယောသင်တာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီး ယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်တက်တဲ့နှစ်မှာ စတင်သင်ကြားဖြစ်တာပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်တွေကို လူငယ်တွေ ဆက်လက်ပြီး ထိန်းသိမ်းစေချင်ပါတယ်။ ဒါမှသာ လက်ဆင့်ကမ်းနိုင်မှာဖြစ်ပါတယ်။


တက္ကသိုလ်အင်ကြင်း


ဦးအာကာလင်း

**တက္ကသိုလ်အင်ကြင်း**
**ဝါသနာရှင်( ဒုတိယတန်း)**
**ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲဝင်**

ဆိုင်းအဖွဲ့လိုက်ပြိုင်နိုင်ဖို့အတွက် သုံးလလောက် စည်းစည်းလုံးလုံးနဲ့ လေ့ကျင့်ခဲ့တယ်။ ဒီမှာအဖွဲ့အားလုံး လေးဖွဲ့ယှဉ်ပြိုင်ကြပါတယ်။ အကုန်လုံးက ပြိုင်ဘက်ကောင်းတွေပါ။ လာမယ့်နှစ်ကျရင် လာပြိုင်ဦးမှာပါ။ ကျွန်မဆရာရဲ့သင်ကြားပို့ချမှုကြောင့်သာ ဒီလိုပြိုင်ပွဲမျိုးကို ရောက်လာတာပါ။ ဆရာ့ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ဆရာတွေရဲ့သင်ပြသမျှကိုလည်း ဆက်လက်ပြီး ကြိုးစားသင်ယူနေမှာပါ။ ကျွန်မအနေနဲ့ အပြင်မှာလည်း တက္ကသိုလ်အင်ကြင်းအမည်နဲ့ အလှူဗလာဆိုင်းတီးပါတယ်။ နောက်မျိုးဆက်သစ်တွေကိုလည်း ကိုယ်တတ်နိုင်သလောက် လက်တွဲခေါ်ပါ့မယ်။ ပြိုင်ပွဲတာဝန်ယူနေတဲ့ဆရာသမားတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးအာကာလင်း**
**အတီး (စန္ဒရား)ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ပထမတန်း)**
**ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော် စန္ဒရားပညာကို အသက် ၁၅ နှစ်အရွယ်မှာ စတင်သင်ယူခဲ့တာပါ။ ဒီပြိုင်ပွဲကြီးမှာ ယှဉ်ပြိုင်နိုင်ဖို့အတွက် အများကြီးလေ့ကျင့်ခဲ့ပါတယ်။ (၂၅) ကြိမ်မြောက်ပြိုင်ပွဲတွင် ဝါသနာရှင်(ဒုတိယတန်း)မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေတံဆိပ်ဆုလည်း ရခဲ့ပါတယ်။ စန္ဒရားတူရိယာကို ရွေးချယ်ဖြစ်ခဲ့တာကတော့ ကျွန်တော် အနုပညာကို စန္ဒရားနဲ့ပဲ စတင်ခဲ့တာ။

အဘိုးက ဇာတ်မင်းသားပါ။ အဖေက မယ်ဒလင်တီးပါတယ်။ အဲဒါကြောင့် ငယ်ငယ်ကတည်းက မြန်မာသံကို နားထဲစွဲနေတာပါ။ ပြိုင်ပွဲတွေကျင်းပပေးတာကောင်းပါတယ်။ လူငယ်တွေအနေနဲ့လည်း မဟာဂီတဆိုတဲ့ မြန်မာသံသီချင်းကြီးတွေကို ထိန်းသိမ်းတန်ဖိုးထားကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ–**
**ဟိန်းဇော်မင်း**

■

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ မြင်ကွင်း



ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးမင်းခင် သီဆိုယှဉ်ပြိုင်စဉ်။



မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မပန်းအိဇင် သီဆိုယှဉ်ပြိုင်စဉ်။



မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် သီဆိုယှဉ်ပြိုင်စဉ်။




ကာလပေါ် တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးဝင်းဦး သီဆိုယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဒေါ်နှင်းနှင်းဝေ တီးခတ်ယှဉ်ပြိုင်စဉ်။




မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ဂေရီဗိုလ်ဗိုလ် သီဆိုယှဉ်ပြိုင်စဉ်။




မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဒေါက်တာပြည့်ဖြိုးအောင် သီဆိုယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မအေးလင်းသူ တီးခတ်ယှဉ်ပြိုင်စဉ်။




ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မောင်ရဲဇော်ထွန်း(ခ)ဗိုလ်ကွန်း တီးမှုတ်ယှဉ်ပြိုင်စဉ်။




ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မဝေဝေဖြိုး တီးမှုတ်ယှဉ်ပြိုင်စဉ်။

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ မြင်ကွင်း




ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု သီရိဥဿာရုပ်စုံ အမြင့်သဘင်အဖွဲ့၏ တင်ဆက်ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မရွှေသီရိဝင်း တီးခတ်ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးပြိုင်ပွဲ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ဝိဓူရဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သဘင့်မာန်ဟုန်ရွှေရန်ကုန် ဇာတ်သဘင်အဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် ( ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်မေဥမ္မာမှူး တီးခတ်ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဦးသန်းထိုက် တီးမှုတ်ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဦးနေလင်း(ခ)နေဝင်း တီးမှုတ်ယှဉ်ပြိုင်စဉ်။

တစ်ပတ်တာ ဖတ်စရာ

## မြန်မာရေးရာ

**အောက်တိုဘာ ၁၈ ရက်**

### ကျပ် ငါးသောင်းတန် ငွေစက္ကူသစ် ထုတ်ဝေရန် အစီအစဉ်မရှိ

ကျပ် ၅၀၀၀၀ တန် ငွေစက္ကူသစ်ထုတ်ဝေမည်ဆိုသည့် သတင်းများမှာ မမှန်ကန်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးထုတ်ပြန်ထားသည်။

**အောက်တိုဘာ ၁၉ ရက်**

### ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ကိုယ်စားလှယ်အရည်အချင်း၊ ပါတီဖျက်သိမ်းမှု၊ မဲဆွယ်စည်းရုံးရေးနှင့် မဲပေးချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ထားသည်။

**အောက်တိုဘာ ၂၀ ရက်**

### နိုင်ငံတော်သမ္မတနှင့် နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် နိပ္ပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ မစ္စတာ ယိုဟေး ဆာဆာကာဝါတို့သည် နေပြည်တော်၌ တွေ့ဆုံကာ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### အင်းတော်ဒေသရှိ ကျေးရွာများကို တပ်မတော်စစ်ကြောင်းများ ပြန်လည်ထိန်းချုပ်

တပ်မတော်စစ်ကြောင်းများသည် အောက်တိုဘာ ၅ ရက်မှ ၁၈ ရက်အတွင်း အင်းတော်-ဝန်းသို-ကောလင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး တိုက်ပွဲ ၃၂ ကြိမ် ဖြစ်ပွားခဲ့ကာ လက်နက်မျိုးစုံ ၁၉ လက်၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

**အောက်တိုဘာ ၂၁ ရက်**

### (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်လှစ်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ MICC-1 ၌ ကျင်းပခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာ့ရိုးရာအနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းရေးနှင့် နည်းပညာအသုံးချ၍ မြန်မာ့အနုပညာကို နိုင်ငံတကာသို့ မိတ်ဆက်ရေးတို့ကို တိုက်တွန်းပြောကြားခဲ့သည်။ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

**အောက်တိုဘာ ၂၂ ရက်**

### ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ မြန်မာပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူများအား ဂုဏ်ပြု

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ မြန်မာပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများအား ဂုဏ်ပြုဆုတံဆိပ်များပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက "World's Best Rice-2026" ဆုကို သမ္မတထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ သမ္မတက မြန်မာ့ပေါ်ဆန်း၏ အရည်အသွေးနှင့် နိုင်ငံတကာ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး၊ ကုန်အမှတ်တံဆိပ်ထိန်းသိမ်းရေးနှင့် ပို့ကုန်ဈေးကွက် ချဲ့ထွင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

### တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၈)မှ ကျောင်းသား ကျောင်းသူများ၏ ဩဝါဒခံယူပွဲကို အောက်တိုဘာ ၂၂ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပခဲ့သည်။ နိုင်ငံတော်သမ္မတက သင်ယူထားသည့်ပညာရပ်များကို လက်တွေ့အသုံးချကာ ကျောင်းသားလူငယ်များ၏ အနာဂတ်ကို ပုံဖော်ပေးကြရန် မှာကြားခဲ့သည်။

**အောက်တိုဘာ ၂၃ ရက်**

### KNLA နှင့် PDF အဖွဲ့ဝင် ၅၂ ဦး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်

KNLA နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၅ ဦး စုစုပေါင်း ၅၂ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ ၎င်းတို့အား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဆုကြေးငွေကျပ် ၈၈၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

**အောက်တိုဘာ ၂၄ ရက်**

### သီတင်းကျွတ်ရုံးပိတ်ရက်ရှည်အတွက် မြို့ကြီးများတွင် စက်သုံးဆီအရန်ထားရှိ

သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှု အဆင်ပြေစေရန် ခရီးသွားလာမှုများပြားသည့် လမ်းကြောင်းများပေါ်ရှိ မြို့ကြီးများတွင် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီ ကြိုတင်ထားရှိပြီး သတ်မှတ်စည်းကမ်းများအတိုင်း ဝယ်ယူနိုင်ကြောင်း သိရသည်။

## ကမ္ဘာရေးရာ

### ပြင်သစ်တွင် လူနေမှုစရိတ်မြင့်တက်မှုကို ဆန့်ကျင်ဆန္ဒထုတ်ဖော်

ပြင်သစ်နိုင်ငံတစ်ဝန်း လူနေမှုစရိတ်မြင့်တက်မှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများအတွင်း ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခများဖြစ်ပွားခဲ့ရာ သမ္မတ အီမန်နျူရယ် မက်ခရွန်က အကြမ်းဖက်ဖြစ်ရပ်များကို အောက်တိုဘာ ၁၈ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့သည်။

### ဂျပန်က အင်္ဂါဂြိုဟ်၏ လမှ နမူနာယူမည့် အာကာသယာဉ် လွှတ်တင်

ဂျပန်အာကာသစူးစမ်းရေးအေဂျင်စီ(JAXA)သည် အင်္ဂါဂြိုဟ်၏ လတစ်စင်းဖြစ်သော ဖိုဘို့စ်မှ နမူနာပစ္စည်းများ ယူဆောင်ရန် ရည်ရွယ်သည့် MMX အာကာသယာဉ်ကို H3 ဒုံးပျံဖြင့် အောက်တိုဘာ ၂၀ ရက်တွင် လွှတ်တင်ခဲ့ပြီး နမူနာများကို ၂၀၃၁ ခုနှစ်တွင် ကမ္ဘာသို့ ပြန်လည်ယူဆောင်ရန် စီစဉ်ထားသည်။

### အင်ဒိုနီးရှားတွင် မိုးတုရွာသွန်း၍ တောမီးငြိမ်းသတ်

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးနှင့် မြေယာမီးလောင်မှုများကို ထိန်းချုပ်နိုင်ရန် ဆူမာတြားတောင်ပိုင်းနှင့် ကာလီမန်တန်ပြည်နယ် သုံးခုတို့တွင် မိုးတုရွာသွန်းစေသည့်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း နိုင်ငံတော်အတွင်းဝန် ပရာဆက်ယိုဟာဒီက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

### ဖိလစ်ပိုင်တွင် လေယာဉ်နှစ်စင်း ပျက်ကျ၍ လေယာဉ်မှူးလေးဦး သေဆုံး

ဖိလစ်ပိုင်နိုင်ငံ ဘာတန်ဂတ်စ်ပြည်နယ်၌ အောက်တိုဘာ ၂၃ ရက်က SF-260 လေ့ကျင့်ရေးလေယာဉ်နှစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးလေးဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်လေတပ်က အောက်တိုဘာ ၂၄ ရက်တွင် အတည်ပြုခဲ့သည်။ ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းရန် အဆိုပါလေယာဉ်အမျိုးအစားအားလုံး၏ ပျံသန်းမှုများကို ယာယီရပ်နားထားသည်။

### ဖင်လန်၌ ကလေးနှင့် ဆယ်ကျော်သက် ၇၈ ရာခိုင်နှုန်း AI အသုံးပြု

ဖင်လန်နိုင်ငံတွင် အသက် ၁၁ နှစ်မှ ၁၇ နှစ်အတွင်း လူငယ်များ၏ ၇၈ ရာခိုင်နှုန်းနှင့် မူလတန်းအဆင့် ကျောင်းသားများ၏ ၇၁ ရာခိုင်နှုန်းသည် AI နည်းပညာကို အသုံးပြုနေကြပြီး AI အသုံးပြုသည့် လူငယ်များ၏ ၉၄ ရာခိုင်နှုန်းက မိုဘိုင်းဖုန်းမှတစ်ဆင့် အသုံးပြုနေကြောင်း အောက်တိုဘာ ၂၂ ရက်တွင်ထုတ်ပြန်သည့် စစ်တမ်း၌ ဖော်ပြထားသည်။

### အာဖဂန်နစ္စတန်တွင် ဒေါ်လာ ၂၂ သန်းတန် ရွှေတူးဖော်ရေးလုပ်ငန်း စတင်

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒပ်ဇ်ပြည်နယ် ကာလာအီးဇယ်ခရိုင်၌ အမေရိကန်ဒေါ်လာ ၂၂ သန်းတန်ဖိုးရှိ ရွှေတူးဖော်ရေးစီမံကိန်းကို အောက်တိုဘာ ၂၃ ရက်တွင်စတင်ခဲ့ရာ ဒေသတွင်းစီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် မျှော်မှန်းထားသည်။

### ဒေလီမြို့ လေထုညစ်ညမ်းမှုကြောင့် အသုံးပြုမှုကန့်သတ်ချက်များ ထုတ်ပြန်

အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် လေထုအရည်အသွေးအညွှန်းကိန်းသည် ၂၄ နာရီအတွင်း ၁၈၀ နီးပါးမှ ၃၀၀ ခန့်အထိ မြင့်တက်လာသဖြင့် စားသောက်ဆိုင်နှင့် ဟိုတယ်များ၌ ကျောက်မီးသွေး၊ ထင်းနှင့် ဒီဇယ်မီးစက်အသုံးပြုမှုကို အောက်တိုဘာ ၂၁ ရက်တွင် ကန့်သတ်ခဲ့သည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲတော်သို့ ခရီးသွားဦးရေ နှစ်သိန်းကျော် လာရောက်



ညောင်ဦး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ခြင်းကို ယနေ့ ညနေ ၆ နာရီက ရွှေစည်းခုံဘုရားကြီး ကွင်းပြင်ကျယ်နှင့် အလိုတော်ပြည့်ဘုရားကွင်း (၁)၊ ကွင်း(၂) တို့တွင် ကျင်းပရာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွား ဘုရားဖူး နှစ်သိန်းကျော် လာရောက်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ခြင်းအား အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက် သုံးရက်တိတိ ကျင်းပသွားမည်ဖြစ်ရာ အောက်တိုဘာ ၂၅ ရက် သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ခရီးသွား ဘုရားဖူးဦးရေ နှစ်သိန်းကျော်လာရောက်ခဲ့ကြောင်း သိရသည်။ သီတင်းကျွတ်ကာလ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များနှင့်အတူ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သမိုင်းဝင်အထင်ကရဘုရားများ၊ သာသနိကအဆောက်အအုံများ၊ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပသည့် ဘုရားများနှင့် မီးပုံးပျံလွှတ်တင်ရေးကွင်းများတွင် လာရောက်သူများပြားနေပြီး မီးပုံးပျံ ၁၀၀၀ လွှတ်တင်ခြင်း၊ ရိုးရာမုန့်အရောင်းဆိုင်များနှင့် MSMEs အရောင်းဆိုင်များတွင် ဝယ်ယူသူများပြားခဲ့ကြောင်း၊ အဆိုပါ မီးပုံးပျံလွှတ်တင်ရေးပွဲတော်တွင် ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်နုမြဇံ၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က မီးပုံးပျံများလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# နီပေါနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သော်လည်း လျှပ်စစ်ဓာတ်အားတင်ပို့မှုမှ ဝင်ငွေ မြင့်တက်

**ခတ္တမန္ဒူ အောက်တိုဘာ ၂၅**

နီပေါနိုင်ငံသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ တတိယလဖြစ်သည့် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံသို့ လျှပ်စစ်ဓာတ်အားတင်ပို့မှုမှ နီပေါရူပီး ၅ ဒသမ ၉၃ ဘီလီယံဝင်ငွေရရှိခဲ့ကြောင်း နီပေါလျှပ်စစ်ဓာတ်အားအာဏာပိုင်အဖွဲ့ (NEA) က အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါလအတွင်း လျှပ်စစ်ဓာတ်အားတင်ပို့မှုမှ ရရှိသည့်ဝင်ငွေမှာ ယခင်နှစ်အလားတူလနှင့် နှိုင်းယှဉ်ပါက ရူပီး ၉၆၂ သန်း တိုးမြင့်လာကြောင်း နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ အချက်အလက်များအရ သိရသည်။ နီပေါနိုင်ငံသည် ယခင်နှစ် အလားတူလအတွင်း အိန္ဒိယနိုင်ငံသို့ လျှပ်စစ်ဓာတ်အားတင်ပို့မှုမှ ရူပီး ၄ ဒသမ ၉၆ ဘီလီယံဝင်ငွေရရှိခဲ့သည်။

နီပေါနိုင်ငံ၌ ဩဂုတ် ၂၆ ရက်က ဆိုးရွားသည့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ရာ ပြည်ပသို့ လျှပ်စစ်ဓာတ်အားတင်ပို့သည့် စက်ရုံအချို့တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရပြီး ရေအားလျှပ်စစ်စီမံကိန်းအများအပြားလည်း ပျက်စီးခဲ့သည်။ သို့သော် လျှပ်စစ်ဓာတ်အားတင်ပို့မှုမှ ရရှိသည့် ဝင်ငွေမှာ ဆက်လက်တိုးမြင့်လာကြောင်း နီပေါလျှပ်စစ်ဓာတ်အားအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

ဇူလိုင်လလယ်မှ အောက်တိုဘာလလယ်အထိ ဘဏ္ဍာနှစ်၏ ပထမသုံးလအတွင်း နီပေါနိုင်ငံသည် စုစုပေါင်း ရူပီး ၁၆ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ လျှပ်စစ်ဓာတ်အားတင်ပို့မှုများကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**





# ရီယာ့ဒ်မြို့ရှိ လေဆိပ်ကို တစ်စိတ်တစ်ပိုင်း ပြန်လည်ဖွင့်လှစ်မည်

**ရီယာ့ဒ် အောက်တိုဘာ ၂၅**

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်ရှိ King Khalid အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အောက်တိုဘာ ၂၅ ရက်တွင် တစ်စိတ်တစ်ပိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း လေဆိပ်က ကြေညာသည်။

ပြည်တွင်းလေကြောင်းခရီးစဉ်များအတွက် Terminal 1 ကို ဖွင့်လှစ်ပေးမည်ဖြစ်ပြီး နိုင်ငံတကာလေကြောင်းခရီးစဉ်များအတွက်မူ နိုင်ငံပိုင်လေကြောင်းလိုင်းများ အသုံးပြုမည့် Terminal 2 ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေဆိပ်သည် ယခင်က တိုက်ခိုက်ခံရမှုများကြောင့် လူသေဆုံးမှုများနှင့် ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့သည့်အတွက် ဆော်ဒီအာရေဗျနိုင်ငံ အထွေထွေလေကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က လေဆိပ်လုပ်ငန်းများကို ယာယီရပ်ဆိုင်းထားခဲ့ရသည်။ **ဆင်ဟွာ**

# ကင်ညာနိုင်ငံအရှေ့တောင်ပိုင်း၌ ဘတ်စ်ကားနှင့် ထရပ်ကားတိုက်မိသဖြင့် ၂၂ ဦးထက်မနည်း သေဆုံး

**နိုင်ရိုဘီ အောက်တိုဘာ ၂၅**

ကင်ညာနိုင်ငံအရှေ့တောင်ပိုင်း နိုင်ရိုဘီ-မွန်ဘာဆာ အဝေးပြေးလမ်းမပေါ်တွင် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ခရီးသည်တင်ဘတ်စ်ကား တစ်စီးနှင့် ထရပ်ကားတစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ လူ ၂၂ ဦး ထက်မနည်း သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မာကူအီနီဒေသ ကော်မရှင်နာ အဗ္ဗဒူလာဟီ ခါလစ်ဖ်၏ ပြောကြားချက်အရ အဆိုပါမတော်တဆမှုသည် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ကန်ဒါဒေသအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် မြေတင်ထရပ်ကားတစ်စီးနှင့် ခရီးသည် ၄၅ ဦး တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ပါဝင်ခဲ့သည်။

နိုင်ရိုဘီမှ မွန်ဘာဆာမြို့သို့ မောင်းနှင်လာသည့် ဘတ်စ်ကားသည် ရှေ့မှယာဉ်တန်းကို ကျော်တက်ရန်ကြိုးပမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်မှ မောင်းနှင်လာသည့် ထရပ်ကားနှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**




# သောင်တင်နေသည့် ကုန်တင်သင်္ဘောပေါ်မှ အီရန်သင်္ဘောသား ၄၀ ခန့်ကို သီရိလင်္ကာနိုင်ငံ ကယ်တင်

**ကိုလံဘို အောက်တိုဘာ ၂၅**

သီရိလင်္ကာနိုင်ငံ ကမ်းရိုးတန်းမှ ရေမိုင် ၂၄ မိုင်အကွာရှိ ကုန်တင်သင်္ဘောပေါ်တွင် သောင်တင်နေသည့် အီရန်သင်္ဘောသား ၄၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကာ လိုအပ်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၅ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ဂါလီမြို့တွင် အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်္ဘောသားများ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ အရေးပေါ်အကူအညီတောင်းခံသည့် ခေါ်ဆိုမှုများကိုတုံ့ပြန်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ကိုလံဘိုမြို့ရှိ အီရန်သံရုံးက အဆိုပါကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။ ဆေးဘက်ဆိုင်ရာအကူအညီများပေးပြီးနောက် အောက်တိုဘာ ၂၄ ရက်တွင် အီရန်သင်္ဘောသား ၄၀ခန့် အီရန်နိုင်ငံသို့ထွက်ခွာသွားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ်၌ မျောက်ကျောက်ရောဂါကြောင့် ကလေးငယ်တစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၅**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် အသက် ၅၃ ရက်အရွယ် ကလေးငယ်တစ်ဦးသည် အောက်တိုဘာ ၂၄ ရက်က မျောက်ကျောက်ရောဂါကြောင့် သေဆုံးခဲ့ကြောင်းနှင့် အဆိုပါပြည်နယ်၌ ယင်းရောဂါကြောင့် သေဆုံးသူ ၁၂ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကလေးငယ်မှာ ကရာချီမြို့ မာလီရာခရိုင်မှဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ၌ ဆေးကုသမှုခံယူပြီးနောက် ရောဂါလက္ခဏာများ ပြသလာသဖြင့် ဆင်းဒ်ကူးစက်ရောဂါကုဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း ဆေးရုံအုပ်ကြီး အဗ္ဗဒူဝါဟစ်ရာဂျ်ပွတ်က ဒေသတွင်းမီဒီယာသို့ ပြောကြားသည်။ ကလေးငယ်သေဆုံးရခြင်းမှာ မျောက်ကျောက်ရောဂါကြောင့်ဖြစ်ကြောင်းလည်း ၎င်းက အတည်ပြုပြောကြားသည်။

အောက်တိုဘာ ၂၃ ရက်က ဆင်းဒ်ပြည်နယ်၌ မျောက်ကျောက်ရောဂါကူးစက်မှုအသစ်နှစ်ခု ထပ်မံတွေ့ရှိခဲ့ပြီး ပြည်နယ်အတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၈ ဦးအထိ ရှိလာကြောင်း သိရသည်။ **ဆင်ဟွာ**

# ဖလော်ရီဒါတက္ကသိုလ် အားကစားကွင်းအနီး ပစ်ခတ်မှုဖြစ်ပွားရာ ၁၂ ဦး ဒဏ်ရာရ

**နယူးယောက် အောက်တိုဘာ ၂၅**

ဖလော်ရီဒါပြည်နယ် တာလာဟာစီမြို့ A&M တက္ကသိုလ် အားကစားကွင်းအနီး အောက်တိုဘာ ၂၄ ရက်နှောင်းပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကလေး ခြောက်ဦးအပါအဝင် ၁၂ ဦးခန့် ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။



ဒဏ်ရာရရှိသူ ၁၂ ဦးအနက် ၁၁ ဦးမှာ သေနတ်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ပြီး သုံးဦးမှာဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ ကျန်လူနာကိုးဦးမှာ အခြေအနေတည်ငြိမ်နေပြီ ဖြစ်ကြောင်း တာလာဟာစီရဲဌာနက ပြောသည်။

ကနဦးစစ်ဆေးချက်များအရ ပစ်ခတ်မှုမဖြစ်ပွားမီ ရန်ပွဲတစ်ခု ဖြစ်ပွားခဲ့ကြောင်း ရဲဌာနက ပြောသည်။ ယခုအချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးထားခြင်းမရှိသေးကြောင်း သိရသည်။

ဘောလုံးပွဲ ကျင်းပပြီးနောက် အားကစားကွင်းအနီး လူစည်ကားသောနေရာတွင်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ လူကုန်ကူးမှုမှ လူ ၈၉ ဦးကို ကယ်တင်နိုင်

**ကဘူးလ် အောက်တိုဘာ ၂၅**

အာဖဂန်လုံခြုံရေး တပ်ဖွဲ့များသည် အောက်တိုဘာ ၂၄ ရက်က အနောက်ပိုင်း နင်ရော့ဇ်ပြည်နယ်အတွင်း လူကုန်ကူးမှုနှင့်ဆက်စပ်သည်ဟု သံသယရှိသူသုံးဦးကို ဖမ်းဆီးခဲ့ပြီး လူ ၈၉ ဦးကို နိုင်ငံပြင်ပသို့ တရားမဝင် ပို့ဆောင်ခံရမည့်အခြေအနေမှ ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော်လဝီ ဂူလ်မိုဟာမက် ကူဒရက်က အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

သံသယရှိသူများသည် လူ ၈၉ ဦးကို နင်ရော့ဇ်ပြည်နယ်မှတစ်ဆင့် နိုင်ငံပြင်ပသို့ တရားမဝင် ပို့ဆောင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်နယ်မြို့တော် ဇာရန့်ဂျ်မြို့ပြင်ရှိ မှောင်ခိုလုပ်ငန်းနှင့်ဆက်စပ်သူများ၏ ပုန်းခိုရာနေရာများကို ရှာဖွေတွေ့ရှိခဲ့ပြီး လူများကို ဘေးကင်းစွာ ကယ်တင်နိုင်ခဲ့ကြောင်းနှင့် အဆိုပါနေရာမှ မော်တော်ယာဉ် လေးစီးကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆီမီး ၁၁၁၁၁ စုပေါင်းထွန်းညှိပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ရာဟုထောင့် ထီးတော်ရုံတန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ရွတ်ဖတ်ပူဇော်ခဲ့ကြခြင်းဖြစ်ပြီး အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူး၍ ရွှေတိဂုံစေတီတော် ရင်ပြင်၌ ကျင်းပသည့် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီး ၁၁၁၁၁ စုပေါင်းထွန်းညှိပူဇော်ဆက်ကပ်ပွဲသို့ တက်ရောက်ကြသည်။



ပူဇော်ဆက်ကပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများ ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို ပန်း ရေချမ်း၊ ဆီမီးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကြပြီး အခမ်းအနားအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့အတူ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို စေတီတော်ကြီး ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီး တန်ဆောင်းတွင် ယနေ့မှ အောက်တိုဘာ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ထွန်းညှိပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်-MNA**

# ပုသိမ်မြို့၌ သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပုသိမ်မြို့၌ ၂၀၂၆ ခုနှစ် သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ ရှုခင်းသာရင်ပြင်ရှေ့၌ ကျင်းပသည်။



အဆိုပါဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဆုချီးမြှင့်ငွေများ ပေးအပ်ကာ ဈေးဆိုင်ခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော် တေးသံရှင်များ ပါဝင်သော ဖျော်ဖြေရေးအဖွဲ့များက ညစဉ် ၇ နာရီမှ ၁၁ နာရီအထိ သီဆိုဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်သည်။

ထို့ပြင် ဈေးရောင်းပွဲတော်တွင် ဈေးဆိုင်ခန်း ၆၀ ဖြင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချပေးသွားမည် ဖြစ်သည့်အပြင် ရှုခင်းသာရင်ပြင်ရှေ့တွင် မီးခုံးများ၊ မီးအလှဆင်အရုပ်များနှင့် ကမ်းနားလမ်းတစ်လျှောက် ရေပေါ်ဈေးမှ ကျောက်ထီးအထိ ရောင်စုံအလှမီးများ ထွန်းညှိခြင်း၊ ဆိပ်ခံတံတားများတွင် အလှဆင်မီးများ ထွန်းညှိခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက် သခင်ဖိုးလှကြီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ၊ ပုသိမ်မြို့ အမှတ်(၇) ရပ်ကွက် ရာမည လမ်းမကြီး(၃) လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတို့ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့အတူ တရုတ်ကုန်း အမှတ်(၁၃၇) အခြေခံပညာမူလတန်းကျောင်းနှင့် တန်တစ်ရာ ဆန်စက်ဝင်းအတွင်း စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကော်ဖတ်ကြိတ်စက်ဖြင့် ကော်ဖတ်များ ထုတ်လုပ်ဆောင်ရွက်သွားမည့် အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မော်လမြိုင်မြို့ မုရောင်းကျေးရွာ၌ မူခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် အောက်တိုဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်သူများ မှုခင်းအန္တရာယ်မှ ကာကွယ်နိုင်ရေးနှင့် ဗဟုသုတ ရရှိစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မုရောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက အယ်နီညို ရာသီဥတု ဖြစ်ပေါ်မှုကြောင့် ဆောင်ရန်/ရှောင်ရန် အချက်များ၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်ဌေးနှင့် တာဝန်ရှိသူများက ခိုးမှု၊ လုယက်မှု၊ အမှုကြီးများနှင့် အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ၏ အန္တရာယ်များ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း ဆိုးကျိုးများနှင့် မူးယစ်ဥပဒေ အကြောင်းအရာများ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု ဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာကြသည့် ကျေးရွာနေ ပြည်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**



# ဝါတွင်းဆွမ်းသိမ်းအောင်ပွဲအဖြစ် စာသင်တိုက်အသီးသီးမှ သီလရှင်အပါး ၃၀၀ ကျော်အား ဆွမ်းဆန်တော်လောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပုညသင်္ဂဟဆွမ်းလောင်းအဖွဲ့က (၁၆) ကြိမ်မြောက် ဝါတွင်းအပတ်စဉ်တိုင်း စာသင်တိုက်အသီးသီးမှ သံဃာတော်များအား ဝါတွင်းဆွမ်းလောင်းလှူခြင်း အထိမ်းအမှတ် အောင်ပွဲအဖြစ် ရန်ကုန်မြို့ရှိ သီလရှင်စာသင်တိုက်များမှ သီလရှင်အပါး ၃၀၀ ကျော်အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများ ကပ်လှူခြင်းကို ယနေ့မွန်းလွဲပိုင်းက ဗိုလ်စိန်မှန်ရပ်ကွက်တွင် ကျင်းပရာ သီလရှင်အပါး ၃၀၀ ကျော်အတွက် ဆွမ်းဆန်တော်နှင့် စားသောက်ကုန်များအပါအဝင် ငွေကျပ်သိန်း ၃၄၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝါဆိုဝါကပ်တော်မူကြကုန်သော ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများ အပါအဝင် ကျောင်းပေါင်း ၂၁ ကျောင်းမှ သံဃာတော်အရှင်သူမြတ် အပါး ၁၅၀၀ ကို အပတ်စဉ်အင်္ဂါနေ့တိုင်း အရဏ်ဆွမ်းလှူဒါန်းခြင်း အထိမ်းအမှတ် ဆွမ်းသိမ်းအောင်ပွဲအဖြစ် ကျင်းပခြင်းဖြစ်သည်။

**ခင်လေးမြင့်အောင်**

# ဆင်ပေါင်ဝဲမြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် တာဝန်ရှိသူများက ဒေသအတွင်း ချည်မျှင်ရှည်ဝါဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ချည်မျှင်ရှည်ဝါစိုက်ပျိုးသော မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု (၇) အုပ်စုမှ ဝါစိုက်တောင်သူ ၆၅၁ ဦးအား တစ်ကေလျှင် သုံးသိန်းကျပ်နှုန်းဖြင့် ချေးငွေကျပ် ၅၆၄ သန်းတိတိကို ချေးငွေထုတ်ချေးခြင်းအဖွဲ့အစည်းက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄၀)

## စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ(အပိုင်း-၁)

***ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ်-ငြိမ်း)***

နိုင်ငံတကာတွင် ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာဆီယံနိုင်ငံ အချို့စသည့် ကမ္ဘာ့နိုင်ငံများ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် **စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေး**တို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာထိပ်တန်းရောက်နိုင်ငံဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိစိုက်ပျိုးမွေးမြူရေး ပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

စိုက်ပျိုးမွေးမြူရေးသည် ရာစုနှစ်ပေါင်းများစွာကြာအောင် မြန်မာနိုင်ငံ၏ စီးပွားရေး၏ အဓိကကျောရိုးဖြစ်ပါသည်။ ကျေးလက်နေပြည်သူများ၏ ထက်ဝက်ကျော်သည် စိုက်ပျိုးမွေးမြူရေးအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသက်မွေးဝမ်းကျောင်းပြုနေကြပါသည်။ ရိုးရာအစဉ်အလာစိုက်ပျိုးနည်းစနစ်များက နိုင်ငံအတွက် မျိုးဆက်ပေါင်း များစွာအား အထောက်အပံ့ပေးခဲ့သော်လည်း စားနပ်ရိက္ခာလိုအပ်ချက် မြင့်တက်လာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်း၊ လုပ်သားပြတ်လပ်မှုနှင့် ကုန်ထုတ်စွမ်းအား မြင့်မားရန် လိုအပ်ချက်တို့ကြောင့် ခေတ်မီနည်းပညာများ လိုအပ်လာပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာသည် စိုက်ပျိုးရေးထုတ်လုပ်မှု၊ ပြုပြင်ဆောင်ရွက်မှု၊ ဆည်မြောင်း၊ စက်ယန္တရားအသုံးပြုမှု၊ ရိတ်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို မြှင့်တင်ရန်အတွက် အင်ဂျင်နီယာဆိုင်ရာများကို စိုက်ပျိုးရေးသိပ္ပံပညာများနှင့် ပေါင်းစပ်ခြင်းဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ယနေ့ခေတ် နိုင်ငံတကာ စိုက်ပျိုးရေးအခြေပြုနိုင်ငံများတွင် အရေးပါနေသော စိုက်ပျိုးရေးအင်ဂျင်နီယာသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးအကြီးဆုံး ဘာသာရပ်များထဲမှ တစ်ခုအဖြစ် အသိအမှတ်ပြုခံရရန် အရေးကြီးပါသည်။

**၂။ စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာ၏ အဓိပ္ပာယ်**

ဤပညာရပ်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးမွေးမြူရေးတွင် အသုံးချခြင်းဖြစ်သည်-

(က) လယ်ယာစက်ယန္တရားအသုံးပြုမှု၊
(ခ) ဆည်မြောင်းနှင့် ရေနုတ်မြောင်းစနစ်၊
(ဂ) မြေဆီလွှာနှင့် ရေထိန်းသိမ်းမှု၊
(ဃ) လယ်ယာအဆောက်အအုံများ၊
(င) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊
(စ) တိကျမှုမြင့်မားသောစိုက်ပျိုးရေး၊
(ဆ) ရိတ်သိမ်းပြီးနောက်ပိုင်း နည်းပညာ၊ ကြိတ်ခွဲခြင်း နည်းပညာ၊
(ဇ) စားသောက်ကုန် ပြုပြင်ဆောင်ရွက်မှု၊
(ဈ) သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု၊
(ည) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာ၊

> “ခေတ်မီစိုက်ပျိုးရေး အင်ဂျင်နီယာပညာတွင် ဂျီပီအက်စ်စနစ်၊ ပထဝီသတင်းအချက်အလက်ပညာ၊ မောင်းသူမဲ့ လေယာဉ်ငယ်များ၊ အာရုံခံကိရိယာများ၊ ရိုဘော့တစ်စက်ရုပ်များ၊ အင်တာနက်မှတစ်ဆင့် ချိတ်ဆက်သည့် စက်ပစ္စည်းများ၊ ဉာဏ်ရည်တုပညာ စသည့်နည်းပညာများက ခေတ်မီစိုက်ပျိုး မွေးမြူရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပိုမိုကောင်းမွန်စေ”

(ဋ) မွေးမြူထုတ်လုပ်ရေးဆိုင်ရာ နည်းပညာ စသည်ဖြင့် အမယ်ပေါင်းစုံ ပါဝင်ပါသည်။

**စိုက်ပျိုးရေးအင်ဂျင်နီယာပညာသည် ထယ်ထိုး၊ ထွန်မွှေလုပ်ငန်း (စက်မှုလယ်ယာ) တစ်ခုတည်း မဟုတ်ပါ။**

တက္ကသိုလ်များ၌ စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ သင်ကြားသုတေသနပြုရာတွင် အင်ဂျင်နီယာပညာ၊ သီးနှံစိုက်ပျိုးရေးပညာ၊ ဥယျာဉ်ခြံသီးနှံပညာ၊ လယ်ယာတိရစ္ဆာန်များ မွေးမြူရေးသိပ္ပံ၊ မြေဆီလွှာသိပ္ပံပညာ၊ ရေအရင်းအမြစ်သိပ္ပံပညာ၊ သဘာဝပတ်ဝန်းကျင်သိပ္ပံပညာ၊ သတင်းအချက်အလက်နည်းပညာ စသည်တို့ကို ပေါင်းစပ်ထားပါသည်။



ရိတ်သိမ်းခြွေလှေ့စက်နှင့် မျိုးစေ့၊ မြေဩဇာကြဲစက်။



ခေတ်မီထွန်စက်နှင့် စပါးကောက်စိုက်စက်။

**၃။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာရေး၏ အရေးပါမှု**

**(၃-က) စိုက်ပျိုးရေးကုန်ထုတ်စွမ်းအား မြှင့်တင်ခြင်း။** စိုက်ပျိုးရေးအင်ဂျင်နီယာများသည် တောင်သူများ အရင်းအမြစ်နည်းပါးစွာ အသုံးပြု၍ စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်နိုင်ရန် ကူညီပေးသော နည်းပညာများကို တီထွင်ကြသည်။ ဥပမာ - ခေတ်မီထွန်စက်များ၊ စပါးစိုက်စက်များ၊ စပါးရိတ်သိမ်း ခြွေလှေ့စက်များ၊ မျိုးစေ့ကြဲစက်များ၊ တိကျမှုမြင့် မျိုးစေ့ကြဲစက်များ စသည်တို့ ဖြစ်ပါသည်။ အကျိုးကျေးဇူးများအနေဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ လုပ်သားလိုအပ်မှု လျှော့ချနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းတို့ ဖြစ်ပါသည်။

**(၃-ခ) လုပ်သားပြတ်လပ်မှုကို ဖြေရှင်းပေးနိုင်ခြင်း။** မြန်မာနိုင်ငံသည် လူငယ်များ မြို့ပြများနှင့် နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့မှု တိုးလာနေသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာပညာက လယ်ယာစက်ယန္တရားအသုံးပြုမှု၊ လယ်ယာတွင် အလိုအလျောက်စနစ် အသုံးပြုမှု၊ ဉာဏ်ရည်မြင့် စက်ယန္တရားများ စသည်တို့ကို ပေါင်းစပ်ထားပါသည်။ ယင်းတို့သည် လက်လုပ်လက်စားလုပ်သား များစွာအပေါ် မှီခိုမှုကို လျှော့ချပေးနိုင်ပါသည်။

**(၃-ဂ) ဆည်မြောင်း၊ ရေသွင်းရေထုတ်လုပ်ငန်းများ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ခြင်း။** မြန်မာနိုင်ငံသည် မုတ်သုံမိုးရွာသွန်းမှုအပေါ် ကြီးစွာမှီခိုနေရသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာများက ဆည်မြောင်းစနစ်များ၊ ရေသိုလှောင်သည့် အဆောက်အအုံများ၊ တူးမြောင်းစနစ်များ၊ ရေစုပ်စက်များ၊ အစက်ချရေသွင်းစနစ်၊ အပေါ်မှ ဖျန်းရေသွင်းစနစ် စသည်တို့ကို ဒီဇိုင်းဆွဲကြသည်။ ယင်းသည် ရေအသုံးပြုမှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပါသည်။

**(၃-ဃ) ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေ ဖြစ်စေခြင်း။** စိုက်ပျိုးရေးအင်ဂျင်နီယာက ရေချွေတာသော နည်းပညာများ၊ မြေထိန်းသိမ်းရေး စိုက်ပျိုးရေးစက်ယန္တရားများ၊ ရေကြီးမှုကို ထိန်းချုပ်သည့်စနစ်များ၊ မိုးခေါင်ရေရှားမှုကို စီမံခန့်ခွဲခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည်တို့ကို တီထွင်ခြင်းဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးကို အထောက်အပံ့ပေးနိုင်ပါသည်။

**(၃-င) ရိတ်သိမ်းပြီးနောက်ပိုင်း ဆုံးရှုံးမှုများကို လျှော့ချနိုင်ခြင်း။** မြန်မာနိုင်ငံ၌ ရိတ်သိမ်းပြီးနောက် သီးနှံအမြောက်အမြား ဆုံးရှုံးနေပါသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာများက အခြောက်ခံသည့် နည်းပညာများ၊ သိုလှောင်သည့်စနစ်များ၊ အအေးခန်းသိုလှောင်မှု၊ ဆန်စက်များ၊ ပြုပြင်ဆောင်ရွက်သည့် စက်ကိရိယာများ စသည့်နည်းပညာများကို မြှင့်တင်ပေးနိုင်သည့်အတွက် တောင်သူများ၏ ဝင်ငွေကို တိုးမြှင့်ပေးနိုင်ပါသည်။ ဥပမာ-ယနေ့ခေတ် ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုနေမှု ဖြစ်ပါသည်။

**(၃-စ) စားနပ်ရိက္ခာဖူလုံရေးကိုအထောက်အပံ့ပေးနိုင်ခြင်း။** စိုက်ပျိုးရေးအင်ဂျင်နီယာသည် ထိရောက်သော ထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်သော ပြုပြင်ဆောင်ရွက်မှု၊ ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေး၊ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာသိုလှောင်မှု အားလုံးက နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေး ကဏ္ဍများကို အထောက်အကူပြုနိုင်ပါသည်။

**(၃-ဆ) ဒစ်ဂျစ်တယ်စိုက်ပျိုးရေး။** ခေတ်မီစိုက်ပျိုးရေး အင်ဂျင်နီယာပညာတွင် ဂျီပီအက်စ်စနစ်၊ ပထဝီသတင်းအချက်အလက်ပညာ၊ မောင်းသူမဲ့ လေယာဉ်ငယ်များ၊ အာရုံခံကိရိယာများ၊ ရိုဘော့တစ်စက်ရုပ်များ၊ အင်တာနက်မှတစ်ဆင့် ချိတ်ဆက်သည့် စက်ပစ္စည်းများ၊ ဉာဏ်ရည်တုပညာ စသည့်နည်းပညာများက ခေတ်မီစိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပိုမိုကောင်းမွန်စေပါသည်။

**စာရေးသူ၏အတွေး**

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် မြန်မာနိုင်ငံတက္ကသိုလ်များတွင် စိုက်ပျိုးရေး အင်ဂျင်နီယာပညာဌာန၏ အခန်းကဏ္ဍသည် အရေးပါမှု၊ ရှေ့တန်းရောက်နေမှု နည်းပါးနေသေးသည်။ ထို့အတူ တက္ကသိုလ်များတွင် လက်ရှိကျင့်သုံးလျက်ရှိနေသော ဌာနမှူး၊ ပါမောက္ခ၊ သီးသန့်ဌာနအသစ် စသည်ဖြင့် ဆရာ ဆရာမ၊ ဝန်ထမ်းများ အငြိမ်းစားမယူမချင်း ဌာနမှူး တာဝန်အမြဲတမ်း၊ အသေဆုပ်ကိုင်ထားသည့်စနစ် စသည့်လွန်ခဲ့သော နှစ် ၃၀-၄၀ ကတည်းက ကျင့်သုံးနေသော စနစ်များစွာ ရှိနေပါသေးသည်။ စာရေးသူအမြင်တွင် ခေတ်မမီ၊ ခေတ်နောက် ပြန်ဆွဲနေသော စနစ်များသာဖြစ်နေ၍ မူဝါဒချမှတ်သူများက နိုင်ငံတကာတက္ကသိုလ်များ ဖွဲ့စည်းပုံ၊ နှစ်စဉ် ပြုပြင်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် ကြည့်ရှုပြီး အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ကြပါစေဟူ၍ ဆုမွန်ကောင်း တောင်းပေးလိုက်ရပါသည်။ ။

## တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော် အပါး ၉၀၀ အား ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူ



**တောင်ကြီး အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တောင်ကြီးမြို့ပေါ်ရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူပွဲကို ယနေ့ နံနက် ၅ နာရီခွဲက တောင်ကြီးမြို့ သာသနာလင်္ကာရ ကမ္ဘောဇသာသနာ့ဗိမာန်ရှေ့၌ ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲတွင် ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများက ဆွမ်းနှင့် ဆွမ်းဟင်းများ၊ အချိုပွဲများ၊ သစ်သီးများ၊ ခေါက်ဆွဲခြောက်များ လောင်းလှူကြသည်။

ဆက်လက်၍ ဝါတွင်းကာလ အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူပွဲအောင်ပွဲကို တောင်ကြီးမြို့ သာသနာလင်္ကာရကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ညနေပိုင်းတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည့် တောင်ကြီးလမ်းကြမ်း အပြေးပြိုင်ပွဲ ၂၀၂၆ (Taunggyi Trail Run Ultra 2026) ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြပြီး (၁၅)ကီလိုမီတာ အမျိုးသား အမျိုးသမီး လမ်းကြမ်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကလည်းကောင်း၊ (၂၅)ကီလိုမီတာ အမျိုးသား အမျိုးသမီး လမ်းကြမ်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း ဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က (၂၅)ကီလိုမီတာ၊ (၅၀)ကီလိုမီတာ အမျိုးသား အမျိုးသမီး လမ်းကြမ်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## နတ်တလင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**နတ်တလင်း အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ဇီးပင်ကွေ့ကျေးရွာ ဇီးပင်လှဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာသူ ကျေးရွာသားများ ၃၀၀ ခန့်တက်ရောက်ခဲ့ကြသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဌာနအသီးသီးမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာသူ ကျေးရွာသားများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ၊ အကြံပြုလိုသည်များကို မေးမြန်းဆွေးနွေးရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(နတ်တလင်း)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

### ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

### ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ –၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

### ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အယ်လ်နီညိုနှင့် ရေသယံဇာတ

သန်းဇော် (ဇဟိုစာရင်းအင်းအဖွဲ့)

ရေသည် လူသားတို့၏ အသက်ရှင်ရပ်တည်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သော သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ သို့သော် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝရာသီဥတုဖြစ်စဉ်များကြောင့် ရေသယံဇာတများ ရရှိနိုင်မှုမှာ အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည်။ ထိုသို့ ရေသယံဇာတအပေါ် သက်ရောက်မှုရှိစေသော သဘာဝရာသီဥတုဖြစ်စဉ်တစ်ခုမှာ အယ်လ်နီညိုဖြစ်ပါသည်။

အယ်လ်နီညိုဆိုသည်မှာ ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ အီကွေတာအနီး ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက်မြင့်တက်လာသည့် သဘာဝ ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကမ္ဘာ့လေထုလည်ပတ်မှုနှင့် မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေနိုင်ပြီး အချို့ဒေသများတွင် မိုးခေါင်ရေရှားမှု ဖြစ်ပေါ်နိုင်သကဲ့သို့ အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ အယ်လ်နီညို၏ သက်ရောက်မှုသည် နေရာဒေသနှင့် ရာသီဥတုကွဲပြားမှုအပေါ် မူတည်၍ မတူညီသောဒဏ်ကို ခံစားကြရသော်လည်း ရေသယံဇာတများရရှိနိုင်မှု၏ ပြောင်းလဲမှုကိုမူ တူညီစွာ ခံစားကြရမည်။

**ရေသယံဇာတအပေါ် အယ်လ်နီညို၏ သက်ရောက်မှု**

အယ်လ်နီညိုဖြစ်စဉ်သည် ရေသယံဇာတများ ရရှိနိုင်မှု၊ ဖြန့်ဖြူးမှုနှင့် အရည်အသွေးတို့အပေါ် သက်ရောက်မှုများစွာ ရှိနိုင်သည်။ အဓိက သက်ရောက်မှုများမှာ–

- မိုးရွာသွန်းမှု လျော့နည်းလာခြင်းကြောင့် ရေရှားပါးမှု ဖြစ်ပေါ်နိုင်သည်။ မိုးခေါင်သည့်ကာလ ကြာမြင့်လာပါက မြစ်ချောင်းများအတွင်း ရေစီးဆင်းမှုလျော့နည်းလာပြီး ဆည်များ၊ ရေလှောင်ကန်များနှင့် ကန်များတွင် ရေသိုလှောင်ပမာဏ ကျဆင်းလာနိုင်သည်။ ထို့ပြင် မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲပါက မြေအောက်ရေမျက်နှာပြင်လည်း နိမ့်ကျလာနိုင်သည်။
- အပူချိန်မြင့်တက်လာနိုင်သည်။ အပူချိန်မြင့်မားလာသည့်အခါ ရေငွေ့ပြန်နှုန်း မြင့်တက်လာပြီး မြေဆီလွှာအတွင်းရှိ အစိုဓာတ်နှင့် ရေလှောင်ကန်များအတွင်းရှိ ရေပမာဏ လျော့နည်းလာနိုင်သည်။ ယင်းအခြေအနေသည် သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လုပ်ငန်းသုံးအတွက် လိုအပ်သောရေများ ရရှိရေးကို ခက်ခဲစေသည်။
- မိုးရွာသွန်းမှုပုံစံ ပြောင်းလဲနိုင်သည်။ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းကြောင့် ရေကြီးရေလျှံမှုနှင့် ရေတိုက်စားမှုများ ဖြစ်ပေါ်နိုင်သည်။ အယ်လ်နီညိုသည် ဒေသအချို့တွင် မိုးရွာသွန်းမှုကို လျော့နည်းစေနိုင်သော်လည်း အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကို ဖြစ်ပေါ်စေနိုင်သည်။ မိုးသည်းထန်စွာ ရွာသွန်းပါက မြေဆီလွှာတိုက်စားခြင်း၊ မြစ်ချောင်းများအတွင်း နုန်း အနည်များ များပြားလာခြင်းနှင့် ရေအရည်အသွေး ထိခိုက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။
- ရေဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။ မိုးခေါင်သည့်ဒေသများတွင် ရေစီးဆင်းမှုလျော့နည်းခြင်းနှင့် ရေအပူချိန်မြင့်တက်ခြင်းတို့ကြောင့် ရေနေသတ္တဝါများ၏ ရှင်သန်မှုနှင့် ရေဂေဟစနစ်တို့ကို ထိခိုက်စေနိုင်သည်။

**မြန်မာနိုင်ငံအပေါ် အယ်လ်နီညို၏ သက်ရောက်မှု**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိုးရေ၊ မြစ်ရေ၊ ဆည်ရေ၊ ကန်ရေနှင့် မြေအောက်ရေ စသည့်ရေသယံဇာတတို့ကို အားထားအသုံးပြုနေရသည်။ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်တက်မှုနှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲမှုများသည် မြန်မာ့ရေသယံဇာတအပေါ် သက်ရောက်မှုရှိနိုင်သည်။

အထူးသဖြင့် မိုးနည်းသောဒေသများတွင် မိုးခေါင်ရေရှားမှု ပိုမိုပြင်းထန်လာပါက သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေ လုံလောက်ရေးတို့အတွက် အခက်အခဲများ ဖြစ်ပေါ်နိုင်သည်။ သောက်သုံးရေ မလုံလောက်မှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သကဲ့သို့ စိုက်ပျိုးရေ မလုံလောက်ပါကလည်း သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ စိုက်ပျိုးချိန် ပြောင်းလဲရခြင်းနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေထိခိုက်ခြင်းတို့ ဖြစ်နိုင်သည်။

> **“ ရေကို တန်ဖိုးထားသုံးစွဲခြင်း၊ မိုးရေစုဆောင်းခြင်း၊ သစ်တောနှင့် ရေဝေရေလဲဒေသများကို ထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်းတို့ကို အလေးထားဆောင်ရွက်ရမည်။ ရေသယံဇာတသည် လူသားတို့၏ အသက်ရှင်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သောကြောင့် ရေသယံဇာတကို ထိန်းသိမ်းခြင်းသည် ရေကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အနာဂတ်ဘဝများကိုပါ ကာကွယ်ခြင်းဖြစ် ”**

ထို့ပြင် အပူချိန်မြင့်မားလာခြင်းကြောင့် ရေလိုအပ်ချက် ပိုမိုများပြားလာနိုင်ရုံသာမက မြစ်ချောင်းများနှင့် ရေလှောင်ကန်များတွင် ရေပမာဏ လျော့နည်းလာခြင်းကြောင့် အိမ်ထောင်စုများ၊ စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများအပေါ်လည်း သက်ရောက်မှုရှိနိုင်သည်။ အယ်လ်နီညို၏ သက်ရောက်မှုသည် ဒေသအလိုက် ကွဲပြားသဖြင့် မိုးလေဝသခန့်မှန်းချက်များနှင့် ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များကို အခြေခံ၍ စီမံဆောင်ရွက်ရန် လိုအပ်ပါသည်။

**ရေသယံဇာတများကို ထိန်းသိမ်းကာကွယ်နိုင်မည့် နည်းလမ်းများ**

အယ်လ်နီညိုကဲ့သို့သော ရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးမှုကို လျှော့ချရန် ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲထိန်းသိမ်းရမည်။

ပထမဦးစွာ မိုးရာသီတွင် ရရှိသောရေကို မိုးရေစုဆောင်းမှုစနစ်များဖြင့် ရေလှောင်ကန်များ၊ အိမ်သုံးရေကန်များတွင် စုဆောင်းသိုလှောင်ထားရမည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် မိုးခေါင်သည့်ကာလတွင် အသုံးပြုရန် ရေအရန်ရရှိနိုင်မည်ဖြစ်သည်။

ဒုတိယအနေဖြင့် ရေကို အလေအလွင့်မရှိ သုံးစွဲရမည်။ အိမ်သုံးရေကို ချွေတာခြင်း၊ ရေပိုက်ယိုစိမ့်မှုများကို ပြုပြင်ခြင်းနှင့် စိုက်ပျိုးရေးတွင် ရေစက်ချစနစ်ကဲ့သို့ ရေချွေတာနိုင်သော နည်းပညာများကို အသုံးပြုခြင်းတို့ဖြင့် အလေအလွင့်နည်းအောင် ဆောင်ရွက်နိုင်သည်။

တတိယအနေဖြင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရမည်။ သစ်တောများသည် မြေဆီလွှာအတွင်း ရေစိမ့်ဝင်မှုကို အထောက်အကူပြုကာ မြေဆီလွှာတိုက်စားမှုကို လျှော့ချပေးနိုင်သည်။ ထို့ပြင် မြစ်ချောင်းများ၊ ရေဝေရေလဲဒေသများနှင့် စိုစွတ်မြေများကိုလည်း ထိန်းသိမ်းရမည်။

စတုတ္ထအနေဖြင့် ရေအရည်အသွေးကို စောင့်ကြည့်စစ်ဆေးပြီး သောက်သုံးရေအဖြစ် အသုံးမပြုမီ လိုအပ်သည့် သန့်စင်မှုများ ပြုလုပ်ရမည်။ စက်ရုံအညစ်အကြေးများနှင့် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ ရေအရင်းအမြစ်ထဲသို့ မရောက်ရှိစေရန်လည်း ထိန်းချုပ်ရန် လိုအပ်သည်။

နောက်ဆုံးအနေဖြင့် ပြည်သူများ၊ ဒေသခံအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရမည်။ ရာသီဥတုခန့်မှန်းချက်များကို အချိန်မီရယူခြင်း၊ ရေရှားပါးမှုဖြစ်နိုင်သည့် ဒေသများကို ကြိုတင်သတ်မှတ်ခြင်းနှင့် ရေခွဲဝေသုံးစွဲမှုအစီအစဉ်များ ရေးဆွဲခြင်းတို့သည် ရေပြဿနာများကို ကြိုတင်ကာကွယ်ရာတွင် အရေးပါသည်။

**အနာဂတ်ဘဝကို ကာကွယ်ခြင်း**

အယ်လ်နီညိုသည် ကမ္ဘာ့ရာသီဥတုနှင့် မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေနိုင်သော သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး ရေသယံဇာတများ၏ ရရှိနိုင်မှုနှင့် အရည်အသွေးအပေါ် သက်ရောက်မှုရှိနိုင်သည်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနှင့် မိုးရေကို အားထားရသော နိုင်ငံများတွင် ရေရှားပါးမှု၏ အကျိုးဆက်များကို အထူးဂရုပြုရန် လိုအပ်သည်။

**ထို့ကြောင့် ရေကို တန်ဖိုးထားသုံးစွဲခြင်း၊ မိုးရေစုဆောင်းခြင်း၊ သစ်တောနှင့် ရေဝေရေလဲဒေသများကို ထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်းတို့ကို အလေးထားဆောင်ရွက်ရမည်။ ရေသယံဇာတသည် လူသားတို့၏ အသက်ရှင်ရေးနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သောကြောင့် ရေသယံဇာတကို ထိန်းသိမ်းခြင်းသည် ရေကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အနာဂတ်ဘဝများကိုပါ ကာကွယ်ခြင်းဖြစ်သည်။**

ကမ္ဘာ့မြေမျက်နှာပြင်၏ အများစုကို ရေများက ဖုံးလွှမ်းထားသော်လည်း ထိုရေအားလုံးကို အသုံးပြုနိုင်ခြင်း မရှိပေ။ ပင်လယ်ရေများမှာ ဆားငန်ရေများဖြစ်ပြီး လူတို့ တိုက်ရိုက်သောက်သုံးရန် မသင့်လျော်ပေ။ သောက်သုံးရန်နှင့် နေ့စဉ်အသုံးပြုရန် သင့်လျော်သော ရေချို အရင်းအမြစ်များမှာလည်း အကန့်အသတ်ရှိသည်။ ထို့ကြောင့် ရေကို အလေအလွင့်မရှိအောင် ချွေတာသုံးစွဲခြင်း၊ ရေအရင်းအမြစ်များကို ညစ်ညမ်းမှုမှ ကာကွယ်ခြင်းနှင့် ရေသယံဇာတများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ရန် လူတိုင်းတွင် တာဝန်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသော အမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဇဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မြန်မာဟိန္ဒူလူငယ်များအသင်းနှင့် မြန်မာဟိန္ဒူတမီလ်လူငယ်များအဖွဲ့တို့ ကြီးမှူး၍ ဒီပါဝလီအကြိုပွဲတော်အခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၅**

မြန်မာဟိန္ဒူလူငယ်များ အသင်းနှင့် မြန်မာဟိန္ဒူ တမီလ်လူငယ်များအဖွဲ့တို့ ကြီးမှူးကျင်းပသော ဒီပါဝလီအကြို ပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲ ပိုင်းက မော်လမြိုင်မြို့ Sun Shine Hotel ၌ ကျင်းပသည်။

အကြိုပွဲတော်တွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း များမှ တာဝန်ရှိသူများက ဒီပါဝလီ ပွဲတော်အကြို အထိမ်းအမှတ်အဖြစ် ဆီမီးများ ထွန်းညှိဖွင့်လှစ်ပေးခဲ့ကြပြီး သန္တနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ် သာသနာပြုဆရာ ဒေါက်တာ လှထွန်းက ဒီပါဝလီပွဲတော် အကြိုအဖွင့်စကား ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရေးနှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး တိုက်တွန်းလိုကြောင်း ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် ဆွာမီဝိဝေကနန္ဒ ယဉ်ကျေးမှုစင်တာ ဒါရိုက်တာ Shri Pankaj Kumawat က ဒီပါဝလီနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဆွာမီဝိဝေကနန္ဒ ယဉ်ကျေးမှုစင်တာ၊ အိန္ဒိယသံရုံးမှ အနုပညာရှင်များ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ တေးသီချင်းများ၊ ရိုးရာအကအလှများဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ**

**(မြန်/ဆက်)**

## ကာတွန်း



# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ဝါသီးနှံအတွက် ထုတ်ချေးပေးအပ်

**စလင်း အောက်တိုဘာ ၂၅**

ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးမှုအထွက်နှုန်းတိုးတက်စေရေးနှင့် ဝါသီးနှံ လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်လျက် မကွေးတိုင်းဒေသ ကြီး စလင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီမှ ကြီးကြပ်၍ ချည်မျှင်ရှည်ဝါသီးနှံ စိုက် တစ်ကေလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် တိုက်ရိုက်ထုတ်ချေး ပေးအပ်ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဝါသီးနှံစိုက်တောင်သူများ တက်ရောက်ခဲ့ကြပြီး ကျေးရွာအုပ်စု သုံးအုပ်စုမှ ဝါသီးနှံစိုက်တောင်သူ ၂၁ ဦးတို့၏ ချည်မျှင်ရှည်ဝါ သီးနှံစိုက် ၁၀၈ ဧကအတွက် ရန်ပုံငွေကျပ် ၃၂၄ သိန်းတိတိ ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကျောက်တန်း အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း ပွဲကို ကျုံကန်ကျေးရွာအုပ်စုရှိ မိုးစပါး ၁၀ ဧက စံပြစိုက်ခင်း၌ အောက်တို ဘာ ၂၃ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန သန်လျင်ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းသန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များနှင့် တောင်သူများ စုစုပေါင်းအင်အား ၄၂ ဦးတို့က ကျုံကန်ကျေးရွာ အုပ်စုရှိ တောင်သူ ဦးဝင်းမြင့်၏ပိုင်ဆိုင်သော မိုးစပါး ၁၀ ဧက စံပြကွက် ၌ ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော မော်ဘီ-၃ စပါးမျိုးအား ၂၀၂၆- ၂၀၂၇ ခုနှစ် မိုးစပါးရိတ်သိမ်းရာသီမှစတင်၍ ကျင့်သုံးဆောင်ရွက်သည့် စံကွက်ရိတ်သိမ်းရေးနည်းလမ်းသစ်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ ၁၃၉ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။ **သန့်ဇင်ထွန်း**



# လှိုင်ကော်မြို့၌ အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂၅**

ကယားပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံနှင့်မွမ်းမံ စက်ချုပ်နည်းပညာ သင်တန်း ဆင်းပွဲကို ယနေ့ နံနက်ပိုင်းက လှိုင်ကော်မြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်း ကျောင်း၌ ကျင်းပရာ ကယား ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးရဲဝင်း၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ များနှင့် သင်တန်းသူများ တက် ရောက်ကြပြီး ပြည်နယ်ဝန်ကြီး က လက်မှုအတတ်ပညာ တစ်ခု တတ်မြောက်ပါက မိသားစု ဝင်ငွေ ကောင်းမွန်စွာရှာဖွေ ထောက်ပံ့နိုင်ပြီး ကိုယ်ရည် ကိုယ်သွေး တိုးပွားလာမည်ဖြစ် ကြောင်း၊ မိမိပညာကို တိုးတက် အောင်ကြိုးပမ်းရန် လိုအပ်သကဲ့သို့ လုပ်ငန်းကိုလည်း အောင်မြင် အောင် ရည်မှန်းချက်ထား ကြိုးပမ်း ရမည်ဖြစ်ကြောင်း ပြောကြား သည်။



အဆိုပါ သင်တန်းတွင် သင်တန်းသား ၁၅ ဦး တက်ရောက် ခဲ့ပြီး ထူးချွန်သင်တန်းသားများ အား အထည်ချုပ်လုပ်ငန်း ထူထောင်နိုင်သည့် လုပ်ငန်းသုံး စက်ပစ္စည်းများနှင့် စက်ကိရိယာ များ ထောက်ပံ့ပေးအပ်ကာ လုပ်ငန်းလိုင်စင်များ ပြုလုပ် ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း သိရသည်။

**ပြည်နယ်**

**(မြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာ သုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။**

*❖ ကျောဖုံးမှ*

Men’s Singles၊ Women’s Singles၊Mixed Doubles ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာအသင်း အပါအဝင် တက်ဂ်ဘောအားကစားနည်းကို စတင်တီထွင်ခဲ့ သည့် ဟန်ဂေရီနိုင်ငံ ကမ္ဘာ့တက်ဂ်ဘောအားကစားတွင် ထိပ်သီးနိုင်ငံများဖြစ်သည့် ရိုမေးနီးယား၊ ပိုလန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အပြင် အာရှဒေသ၏ ကမ္ဘာ့ထိပ်သီး ထိုင်း၊ အီရတ်၊ ကူဝိတ်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယတို့အပါအဝင် နိုင်ငံ အသီးသီးမှ ထိပ်တန်းကစားသမား များစွာဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။

ယနေ့ Mixed Doubles ပထမပြိုင်ပွဲ ပွဲစဉ်အဖြစ် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေ(အာနိုး) သည် မလေးရှားအားကစားသမား Hameed နှင့် တွဲဖက်၍ လက်ရှိတွင် ကမ္ဘာ့အဆင့် နံပါတ်(၇)တွင်ရှိသည့် အီရတ် အားကစားသမားများနှင့် ပထမပြိုင်ပွဲအား စတင်ယှဉ်ပြိုင် ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လက်ရှိကမ္ဘာ့အဆင့် နံပါတ် (၁) တွင်ရှိသည့် ဟန်ဂေရီအားကစားသမားနှင့် ရိုမေးနီးယား အားကစားသမားအတွဲတို့နှင့် ဒုတိယပြိုင်ပွဲ ပွဲစဉ်ကိုလည်းကောင်း၊ မွန်းလွဲ ၂နာရီ မိနစ်၅၀ တွင် လက်ရှိ ကမ္ဘာ့အဆင့် နံပါတ် (၃) တွင်ရှိသည့် ပိုလန်အသင်းမှ အားကစားသမားများနှင့် တတိယပြိုင်ပွဲ ပွဲစဉ်ကိုလည်း ကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

Teqball Tour Si Racha 2026 ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့် ရင်ဆိုင် ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများ ရရှိအောင် မြန်မာ့တက်ဂ်ဘော လက်ရွေးစင်အားကစားသမား ခင်နှင်းဝေ (အာနိုး)သည် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့တစ်မြို့ ရေရှည်တည်တံ့ဖို့ ဘာတွေလိုအပ်သလဲ

ဝေဖြိုးအောင်

*(ယမန်နေ့မှအဆက်)*

လမ်းမီးတိုင်များ၊ ပန်းခြံများနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများအားလုံးကို ဆိုလာစွမ်းအင်ဖြင့် လည်ပတ်စေခြင်းဖြင့် မြို့ပြ၏ စွမ်းအင်ကုန်ကျစရိတ်ကို ထိရောက်စွာ လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

**ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ရေဆိုးသန့်စင်ခြင်း**

ရေသည် အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်သကဲ့သို့ မြို့ပြဖွံ့ဖြိုးရေးအတွက်လည်း အလွန်အရေးကြီးပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုပြဿနာများကို မြို့ကြီးများ နှစ်စဉ်ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သောမြို့ပြများသည် ရေအရင်းအမြစ်ကို စနစ်တကျထိန်းသိမ်းအသုံးပြုရန် အထူးစီမံချက်များ ချမှတ်ထားရန် လိုအပ်ပါသည်။ ပထမဦးစွာ သန့်ရှင်းသော သောက်သုံးရေပေးဝေရေးစနစ်ကို ယိုစိမ့်မှုမရှိအောင် ခေတ်မီနည်းပညာများဖြင့် စောင့်ကြည့်ထိန်းချုပ်ရပါမည်။ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကို တားဆီးရန်အတွက် ရေမီတာစနစ်ကို အိမ်ထောင်စုတိုင်းတွင် မဖြစ်မနေတပ်ဆင်စေပြီး ရေကိုချွေတာသုံးစွဲရန် ပညာပေးရပါမည်။ တစ်ချိန်တည်းမှာပင် မိုးရေကို သိုလှောင်အသုံးပြုသည့်စနစ်ကို အထပ်မြင့်အဆောက်အအုံများနှင့် စက်ရုံများတွင် တပ်ဆင်အသုံးပြုစေရန် ဥပဒေဖြင့် ပြဋ္ဌာန်းသင့်ပါသည်။

ဒုတိယအချက်မှာ ရေဆိုးစီမံခန့်ခွဲမှုဖြစ်ပါသည်။ အိမ်သာများ၊ စက်ရုံများနှင့် ဆေးရုံများမှ ထွက်ရှိသောရေဆိုးများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းကို လုံးဝ(လုံးဝ)ခွင့်မပြုဘဲ ဇဟိုရေဆိုးသန့်စင်စက်ရုံများတွင် စနစ်တကျသန့်စင်ပြီးမှသာ စွန့်ပစ်ရမည်ဖြစ်ပါသည်။ သန့်စင်ပြီးသောရေများကို ပန်းခြံများ ရေလောင်းခြင်းနှင့် စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းသည် ရေရှည်တည်တံ့သော မြို့ပြ၏ အဓိကလက္ခဏာရပ်တစ်ခုဖြစ်ပါသည်။

**လူမှုရေး တရားမျှတမှုနှင့် အားလုံးပါဝင်နိုင်မှု**

ရေရှည်တည်တံ့သော မြို့ပြသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရုံမျှဖြင့် မပြည့်စုံဘဲ လူမှုရေးအရ တရားမျှတပြီး အားလုံးပါဝင်နိုင်သော လူ့အသိုက်အဝန်းဖြစ်ရန် လိုအပ်ပါသည်။ စီးပွားရေးတိုးတက်လာမှုနှင့်အတူ မြို့ပြများတွင် ဆင်းရဲချမ်းသာကွာဟမှု၊ ကျူးကျော်ရပ်ကွက်များနှင့် အခြေခံဝန်ဆောင်မှုများ မရရှိသောဒေသများ ရှိလာတတ်ပါသည်။ စစ်မှန်သော ရေရှည်တည်တံ့မှုသည် "မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားခဲ့ခြင်း"ဆိုသည့် မူဝါဒအပေါ်တွင် အခြေခံပါသည်။

**စည်ပင်သာယာရေးနှင့် မြို့ပြအုပ်ချုပ်ရေးယန္တရားများအနေဖြင့် တတ်နိုင်သော အိမ်ရာစီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ အဆိုပါအိမ်ရာများကို မြို့စွန်မြို့ဖျားတွင် သီးခြားဖယ်ထုတ်မထားဘဲ အလယ်အလတ်တန်းစားများနှင့် ရောနှောနေထိုင်နိုင်သော နေရာများတွင် တည်ဆောက်ခြင်းဖြင့် လူမှုပေါင်းစည်းညီညွတ်ရေးကို မြှင့်တင်ပေးနိုင်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို လူတိုင်းတန်းတူညီမျှ လက်လှမ်းမီခံစားခွင့်ရှိရပါမည်။**



ဒိန်းမတ်နိုင်ငံရှိ ကိုပင်ဟေဂင်မြို့သည် ကမ္ဘာ့အကောင်းဆုံး စက်ဘီးစီးမြို့တော်အဖြစ် ကျော်ကြားသည်။

ထို့ပြင် မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် သက်ကြီးရွယ်အိုများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လိုအပ်ချက်များကို ဦးစားပေးထည့်သွင်းစဉ်းစားသော Universal Design စံနှုန်းများကို ကျင့်သုံးရမည်ဖြစ်ပါသည်။ ပြည်သူလူထုကိုယ်တိုင်ပါဝင်သော ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဒေသခံများ၏ သဘောထားကို ရယူခြင်းသည် အုပ်ချုပ်ရေးယန္တရားအပေါ် ယုံကြည်မှုကိုတိုးပွားစေပြီး မြို့ပြ၏ လူမှုရေးတည်ငြိမ်မှုကို ရေရှည်အာမခံနိုင်မည်ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ရာသီဥတု လိုက်လျောညီထွေမှု**

ရာသီဥတုပြောင်းလဲမှုကြောင့် အစွန်းရောက်ရာသီဥတုအခြေအနေများဖြစ်သည့် မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် အပူလှိုင်းဖြတ်ခြင်းများကို ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများတွင် ဆိုးရွားစွာ ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော မြို့ပြများသည် သာမန်ဖွံ့ဖြိုးတိုးတက်ရေးသာမက ဘေးအန္တရာယ်ကျရောက်လာပါက ကြံ့ကြံ့ခံနိုင်စွမ်းရှိပြီး အမြန်ဆုံးနာလန်ထူနိုင်သော အရည်အသွေးများရှိရန် မရှိမဖြစ်လိုအပ်ပါသည်။ ရေကြီးရေလျှံမှု ကာကွယ်ရေးအတွက် ကွန်ကရစ်ရေကာတာများ တည်ဆောက်ခြင်းအပြင် သဘာဝကို အခြေခံသော ဖြေရှင်းနည်းများကို ပိုမိုအသုံးပြုလာကြပါသည်။ "ရေမြှုပ်မြို့ပြ"သဘောတရားအရ မိုးရေကို လျင်မြန်စွာ စုပ်ယူသိုလှောင်နိုင်သော မြို့ပြပန်းခြံများ၊ ရေစိမ့်ဝင်နိုင်သော လမ်းခင်းကျောက်များနှင့် ရေတိမ်ဒေသများကို ပြန်လည်ထိန်းသိမ်းခြင်းတို့သည် ရေရှည်တွင် အလွန်ထိရောက်မှု ရှိပါသည်။

ထို့ပြင် အဆင့်မြင့်မိုးလေဝသခန့်မှန်းရေးနည်းပညာများနှင့် ကြိုတင်သတိပေးစနစ်များကို တည်ဆောက်ထားရပါမည်။ အဆောက်အအုံများ တည်ဆောက်ရာတွင် ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်ခံနိုင်ရည်ရှိသော အင်ဂျင်နီယာဆိုင်ရာ စံချိန်စံညွှန်းများကို တင်းကျပ်စွာ စစ်ဆေးကြပ်မတ်ရပါမည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို မြို့ပြစီမံကိန်း၏ ပင်မလုပ်ငန်းစဉ်တစ်ခုအဖြစ် ထည့်သွင်းထားမှသာလျှင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် မြို့ပြ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို ရေရှည်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

**စမတ်စီးတီး နည်းပညာများနှင့် ဒေတာအခြေပြု စီမံခန့်ခွဲမှု**

၂၁ ရာစု၏ ရေရှည်တည်တံ့သော မြို့ပြတည်ဆောက်ရေးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) သည် အဓိကကျသောကဏ္ဍမှ ပါဝင်ပါသည်။ စမတ်စီးတီးနည်းပညာများကို အသုံးပြုခြင်းဖြင့် မြို့ပြ၏ သယံဇာတများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ပြီး အများပြည်သူဝန်ဆောင်မှုများကို လျင်မြန်ချောမွေ့စေပါသည်။ သို့သော် နည်းပညာသက်သက်သည် အဖြေမဟုတ်ဘဲ ထိုနည်းပညာကို ပြည်သူလူထု၏ ဘဝအရည်အသွေးမြှင့်တင်ရန်အတွက် အသုံးချခြင်းသာလျှင် စစ်မှန်သော ရည်ရွယ်ချက်ဖြစ်ပါသည်။ Internet of Things (IoT) အာရုံခံကိရိယာများကို အသုံးပြု၍ မြို့ပြ၏ အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ပါသည်။ ဥပမာ – ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရန်အတွက် စမတ်မီးပွိုင့်များအသုံးပြုခြင်း၊ ရေပိုက်လိုင်းများ ယိုစိမ့်မှုကိုသိရှိရန် စမတ်မီတာများ တပ်ဆင်ခြင်း၊ လေထုအရည်အသွေးကို တိုင်းတာရန် ဆင်ဆာများ တပ်ဆင်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ဤဒေတာများကို အခြေခံ၍ မြို့ပြအုပ်ချုပ်ရေးမှူးများသည် ပိုမိုမှန်ကန်တိကျသော မူဝါဒများကို ချမှတ်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် e-Government စနစ်များကို အကောင်အထည်ဖော်ခြင်းဖြင့် အများပြည်သူနှင့် အစိုးရကြားဆက်သွယ်ရေးကို လွယ်ကူစေပြီး အကျင့်ပျက်ခြစားမှုများကို သိသာစွာ လျှော့ချနိုင်ပါသည်။ စည်ပင်သာယာအခွန်အခများ ပေးဆောင်ခြင်း၊ အဆောက်အအုံခွင့်ပြုချက်တောင်းခံခြင်းနှင့် တိုင်ကြားစာများပေးပို့ခြင်းတို့ကို မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် ပြုလုပ်နိုင်ရန် စီစဉ်ပေးရပါမည်။ သို့မှသာ အုပ်ချုပ်ရေးယန္တရားသည် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိသော ရေရှည်တည်တံ့သည့် ယန္တရားဖြစ်လာမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့သောမြို့ပြများ တည်ဆောက်ရာတွင် နိုင်ငံတကာမှအောင်မြင်သော အတွေ့အကြုံများကို လေ့လာသင်ခန်းစာယူရန် အရေးကြီးပါသည်။ ကမ္ဘာတစ်ဝန်းတွင် စံပြအဖြစ် သတ်မှတ်ခံရသော မြို့ကြီးများစွာရှိပြီး ၎င်းတို့၏ ချဉ်းကပ်ပုံများမှာ မိမိတို့၏ ဒေသန္တရအခြေအနေများအပေါ် မူတည်၍ ကွဲပြားခြားနားကြပါသည်။

ပထမ သာဓကမှာ ဘရာဇီးနိုင်ငံရှိ Curitiba (ကူရီတီဘာ)မြို့ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော်လည်း ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက Bus Rapid Transit (BRT)ဟုခေါ်သော အမြန်ဘတ်စ်ကားစနစ်ကို ကမ္ဘာပေါ်တွင် ပထမဆုံး အောင်မြင်စွာ တီထွင်ကျင့်သုံးခဲ့ပါသည်။ မြေအောက်ရထားများကဲ့သို့ ကုန်ကျစရိတ်မကြီးမားဘဲ ထိရောက်မှုရှိသော ဤစနစ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပါသည်။

ဒုတိယသာဓကမှာ ဒိန်းမတ်နိုင်ငံရှိ Copenhagen (ကိုပင်ဟေဂင်) မြို့ ဖြစ်ပါသည်။ ကမ္ဘာ့အကောင်းဆုံး စက်ဘီးစီးမြို့တော်အဖြစ် ကျော်ကြားပြီး လူဦးရေ၏ ထက်ဝက်ကျော်သည် နေ့စဉ် စက်ဘီးဖြင့် သွားလာကြပါသည်။ ၎င်းတို့သည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး ကာဗွန်ကင်းစင်သော မြို့တော်ဖြစ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပြီး လေအားလျှပ်စစ်နှင့် ရေရှည်တည်တံ့သော စွမ်းအင်များကို အပြည့်အဝ အသုံးချနေပါသည်။

အချုပ်အားဖြင့်ဆိုသော် **ရေရှည်တည်တံ့သော မြို့ပြတည်ဆောက်ရေးသည် နေ့ချင်းညချင်း ပြီးမြောက်နိုင်သောကိစ္စမဟုတ်ဘဲ ရေရှည်မျှော်မှန်းချက်၊ တာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုတို့ အထူးလိုအပ်ပါသည်။ မြို့ပြစီမံကိန်းသည် အဆောက်အအုံများ တည်ဆောက်ခြင်းသက်သက်မဟုတ်ဘဲ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း၊ ကျန်းမာရေးကို မြှင့်တင်ပေးခြင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးအပ်ခြင်းဖြစ်ပါသည်။ သို့မှသာလျှင် မြန်မာနိုင်ငံ၏ မြို့ပြများသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဂုဏ်သိက္ခာရှိစွာ ရှင်သန်နိုင်သောနေရာများအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။**

> **"ရေရှည်တည်တံ့သော မြို့ပြတည်ဆောက်ရေးသည် နေ့ချင်းညချင်း ပြီးမြောက်နိုင်သောကိစ္စမဟုတ်ဘဲ ရေရှည်မျှော်မှန်းချက်၊ တာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုတို့ အထူးလိုအပ်ပါသည်။ မြို့ပြစီမံကိန်းသည် အဆောက်အအုံများ တည်ဆောက်ခြင်းသက်သက်မဟုတ်ဘဲ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း၊ ကျန်းမာရေးကို မြှင့်တင်ပေးခြင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သော သဘာဝ ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးအပ်ခြင်းဖြစ်"**

**မှီငြမ်းကိုးကားစာရင်း**

၁။ United Nations. (2015). "Sustainable Development Goal 11: Make cities inclusive, safe, resilient and sustainable." UN DESA. https://sdgs.un.org/goals/goal11.

၂။ World Health Organization (WHO). (2021). "Urban Health: Global Guidelines for Ambient Air Quality." WHO Press.

၃။ Brundtland Commission. (1987). "Our Common Future (The Brundtland Report)." World Commission on Environment and Development.

၄။ C40 Cities. (2020). "Green and Thriving Neighbourhoods: A Pathway to Net Zero Cities." C40 Climate Leadership Group.

၅။ Institute for Transportation and Development Policy (ITDP). (2018). "The BRT Standard." https://www.itdp.org.

၆။ World Bank. (2022). "Circular Economy in Cities: Evolving the Model for a Sustainable Urban Future." World Bank Publications.

# ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်းအတွင်းသို့ တိုင်းရင်းငါးမျိုးများ စိုက်ထည့်

**ပဲခူး အောက်တိုဘာ ၂၅**

စားရေရိက္ခာဖူလုံရေးနှင့် ငါးသယံဇာတ စဉ်ဆက်မပြတ်ပေါ်များစေရန် ရည်ရွယ်၍ သဘာဝရေပြင်အတွင်းသို့ သဘာဝတိုင်းရင်းငါးများ စိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက မိုးယွန်းကြီးအင်း(ဘောမဲ့တော) သဘာဝရေပြင်အတွင်းသို့ ဒေသငါးမျိုးများဖြစ်သော ငါးမြစ်ချင်းကောင်ရေ ၄၅၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၊ ငါးဖမ်းမကောင်ရေ ၅၀၀၀၀၊ ငါးခူကောင်ရေ ၁၀၀၀၀၊ ငါးရံ့ကောင်ရေ ၁၀၀၀၀၊ ငါးပြေမကောင်ရေ ၁၀၀၀၀၊ ငါးကျည်းကောင်ရေ ၅၀၀၀ စုစုပေါင်းသဘာဝငါးကောင်ရေ ၁၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝမြန်မာ့တိုင်းရင်းငါးမျိုးများ ပြုန်းတီးပျောက်ကွယ်မှု မရှိစေရေးအတွက် မြန်မာ့တိုင်းရင်းငါးမျိုးများကို သက်ဆိုင်ရာငါးမွေးမြူရေးစခန်းအလိုက် သဘာဝအတိုင်းသားဖောက်ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးစိုက်ထည့်ခြင်းအပြင် ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်းကို ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း ၂၉ ကြိမ်၊ ငါးသားပေါက်ကောင်ရေ ၄၈ ဒသမ ၄၂ သိန်းနှင့် ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ ရောင်းချပေးသည့် ငါးသားပေါက်ကောင်ရေ ၆၃ ဒသမ ၃၉၃ သိန်းရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကိုစာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသားကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



***ကျော့ဖုံးမှ**

သန်လျင်မြို့ရှိစတားစီးတီးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ချင်းလန်းအသင်းက မြဝတီအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ပြိုင်ပွဲတစ်လျှောက် ပထမဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ချင်းလန်းအသင်းအတွက် အနိုင်ဂိုးများကို ပွဲအစ ၄ မိနစ်နှင့် ၅၇ မိနစ် (ပယ်နယ်တီ)တွင် အာနန်ဖိလစ်၊ ၆၁ မိနစ်နှင့် ၈၈ မိနစ်တွင် လှဘုန်းဦး၊ ၆၉ မိနစ်တွင် ဇန်ဘွေထောင်းတို့က သွင်းယူပေးခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၉၀+၄ မိနစ်တွင် ခင်ကျော်ဝင်း က သွင်းယူပေးခဲ့သည်။

သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို ပွဲချိန် ၉၀+၆ မိနစ်တွင် သီဟဇော် သွင်းယူပေးခဲ့သည့် နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ ရမှတ်ဖြတ်ကာ ရပ်တည်လျက်ရှိသည်။ AYA Pay Player of the match ဆုကို ဒဂုံစတားအသင်းမှ တိုက်စစ်မှူး သီဟဇော်က ရရှိခဲ့သည်။

အပတ်စဉ်(၅) ပွဲစဉ်များအပြီးတွင် ဒဂုံစတား ၁၃ မှတ်၊ ရန်ကုန်စီးတီး ၁၁ မှတ်၊ ရတနာပုံ ၁၀ မှတ်၊ ရှမ်းယူနိုက်တက် ၇ မှတ်၊ ရန်ကုန်ယူနိုက်တက် ၆ မှတ်၊ သစ္စာအားမာန် ၅ မှတ်၊ ISPE ၊ စစ်ကိုင်းယူနိုက်တက်၊ ဟံသာဝတီနှင့် ချင်းလန်းအသင်းတို့က ၄ မှတ်စီ၊ ရှေ့ဝတီယူနိုက်တက် ၃ မှတ်နှင့် မြဝတီက ၁ မှတ် ရရှိထားသည်။ **နေမျိုး၊ဓာတ်ပုံ-ML**

**○ ကျော့ဖုံးမှ**

အခက်တွေ့ခဲ့သော်လည်း ရရှိလာသည့်အခွင့်အရေးကို သွင်းဂိုးအဖြစ်ပြောင်းလဲကာ အရေးပါသည့်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် ဘင်ဝိုက်၏ ဖန်တီးမှုမှ ဂါဘရီရယ်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် အဆင့် (၂) တွင် ရပ်တည်နေပြီး ဦးဆောင်သူ မန်စီးတီးအသင်းကို အနီးကပ်ဖိအားပေးလျက်ရှိသည်။

အခြားပွဲစဉ်ရလဒ်များတွင် အက်စ်တွန်ဗီလာက မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က ကိုဗင်ထရီကို တစ်ဂိုး-ဂိုးမရှိ၊ စပါးက တစ်ယောက်လျော့ ချယ်ဆီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး အစ်ဆွစ်နှင့် နော်တင်ဟမ်ဖောရက်စ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**



# သရက်မြို့၌ မိုးစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြ

**သရက် အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကိုးပင်ကျေးရွာအုပ်စု မုဋ္ဌလီကျေးရွာ ကွင်းအမှတ်(၅၂) တောင်သူ ဦးလှသိန်း၏လယ်မြေ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ပြီး စံကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်း ၁၁၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် Radiation အကွက်ငယ်များကိုလည်း ၆ ဒသမ ၆ ပေ ပတ်လည်များ ရိတ်သိမ်း၍ အထွက်နှုန်းတိုင်းတာခဲ့ရာ (100w/30s) သည် တစ်ဧကအထွက်နှုန်း ၁၃၂ ဒသမ ၃၄ တင်းနှုန်းဖြင့် အများဆုံးထွက်ရှိခဲ့သည်။ သရက်မြို့နယ်တွင် မိုးစပါး ၁၇၅၂၉ ဧက စိုက်ပျိုးခဲ့ပြီး မိုးစပါးပြီးလျှင် ဆောင်းကုလားပဲ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်လုလင်(သရက်)**

# ဘီးလင်းမြို့နယ်အတွင်း ကုန်ထုတ်လမ်းနှင့် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်

**ဘီးလင်း အောက်တိုဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘီးလင်းမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါအောင်ကုမ္ပဏီများမှ ပြည်ထောင်စုရန်ပုံငွေကျပ် ၆၅ ဒသမ ၈ သန်းဖြင့် ဝင်းက-ကြာဇီအောင်-ကြံတိုင်းအောင်ကျေးရွာ ကုန်ထုတ်လမ်းနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၆၁ ဒသမ ၆၁ သန်းဖြင့် ရွာတန်းရှည်ကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက ယမန်နေ့က ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန)တွေနဲ့ပတ်သက်ပြီး Degree of Adjective (နာမဝိသေသန၏နှိုင်းယှဉ်အဆင့်များ)အကြောင်းကို ရှင်းလင်းချက်နမူနာဝါကျတွေနဲ့ ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် ပိုမိုနားလည်စေဖို့ လေ့ကျင့်ခန်းတွေနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about airport English–2 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)ကို ထင်းခနဲ လင်းခနဲ နဲ့မှတ်မိလွယ်အောင် ရှင်းလင်းချက်တွေ၊ နမူနာဝါကျတွေ၊ စကားပြောတွေနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့သာမက နမူနာဝါကျတွေနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

Grammar

Exercise (1) မှအဖြေများ

1. strong
2. stronger
3. lighter
4. longer
5. easiest

Exercise (2) မှအဖြေများ

6. largest
7. brighter
8. heavier
9. more handsome
10. cheaper

Comparative နှင့် Superlative Adjectives များ၏ ဖွဲ့စည်းပုံများကို ကျွန်ရှိနေသည့် လေ့ကျင့်ခန်းများဖြင့် ဆက်လက်ဖော်ပြပေးလိုက်ပါသည်။

**Exercise (3) Correct these sentences. The mistakes are in bold.**

e.g. Who is more stronger, John or Mingfa? **(Wrong)**

Who is stronger, John or Mingfa? **(Right)**

1. Which ball is more bigger, yours or mine?
2. My writing is more worse than yours.
3. Who is the most tallest boy in this class?
4. He is the more faster of the two runners.
5. Which is more better, this painting or that one?
6. Mr Wang is the most wealthiest man in this town.
7. I think this is the thickest end of the pole.
8. I enjoyed the match last evening; the best team won.
9. His dog is more fiercer than yours.
10. Which is more nearer to the earth, the moon or the sun?
11. The whale is the most largest animal in the world.
12. Both the roads lead to the railway station; that one is the shortest of the two.

**Verbs (ကြိယာ)**

**Kinds of Verbs**

**(ကြိယာအမျိုးအစားများ)**

- Transitive Verbs (ကံလိုကြိယာ)
- Intransitive Verbs (ကံမလိုကြိယာ)

**Transitive Verbs (ကံလိုကြိယာ)**

Verb (ကြိယာ) တစ်လုံးနောက်တွင် Object (ကံပုဒ်) တိုက်ရိုက်လိုက်ပါက ၎င်းကြိယာကို Transitive Verb (ကံလိုကြိယာ) ဟုခေါ်သည်။ ဥပမာ–

- We **eat** rice.
- They **drink** tea.
- She **sees** a snake.
- He **likes** her.

အထက်မှာဖော်ပြထားသော Verbs (ကြိယာ) များနောက်တွင် Objects (ကံပုဒ်) များဖြစ်သည့် rice, tea, a snake, her တိုက်ရိုက်လိုက်ပြီး ရေးနိုင်ပြောနိုင်သောကြောင့် ၎င်းကြိယာများကို Transitive Verb (ကံလိုကြိယာ) ဟု ခေါ်ခြင်းဖြစ်သည်။

**Intransitive Verbs**

**ကံမလိုကြိယာ**

Verb (ကြိယာ) တစ်လုံးနောက်တွင် Objects (ကံပုဒ်) တိုက်ရိုက်မလိုက်ပါက ၎င်းကြိယာများကို Intransitive Verb (ကံမလိုကြိယာ) ဟု ခေါ်သည်။ ဥပမာ–

- Students **go** to school.
- They **come** from the farm.
- The guests **sit** on a mat.
- She **looks** at me.

အထက်မှာဖော်ပြထားသော Verbs (ကြိယာ) များနောက်တွင် Objects (ကံပုဒ်) များ တိုက်ရိုက်မလိုက်နိုင်ဘဲ Prepositions (ရှေ့ဆောင်ပုဒ်) ခံပြီးမှသာ Objects (ကံပုဒ်) များ လိုက်နိုင်မှာဖြစ်ပါသည်။ Objects (ကံပုဒ်) များသည် များသောအားဖြင့် နာမ်နှင့်နာမ်စားများသာဖြစ်သည်။ တချို့အဘိဓာန်များတွင် Transitive Verb ကို v.t အဖြစ်ဖော်ပြပြီး Intransitive Verb ကို v.i အဖြစ်ဖော်ပြထားသည်ကို တွေ့မြင်နိုင်ပါသည်။ အသုံးများသည့် v.t (Verb Transitive) နှင့် v.i (Verb Intransitive) များကို မှတ်သားဖွယ်ဖော်ပြပေးလိုက်သည်။

**Common Transitive Verbs**

1. accept = လက်ခံသည်။
2. accuse = စွပ်စွဲသည်။
3. add = ပေါင်းထည့်သည်။
4. admit = ဝန်ခံသည်။
5. adore = မြတ်နိုးသည်။
6. advise = အကြံပေးသည်။
7. affect = အကျိုးသက်ရောက်မှုရှိသည်။
8. aid = ကူညီသည်။
9. amuse = ရွှင်မြူးစေသည်။
10. annoy = စိတ်ကသိကအောက်ဖြစ်စေသည်။

## Vocabulary Enrichment Programme

**ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်**

1. **Bring home the bacon = (မိသားစုအတွက် ဝင်ငွေရှာသည်။)**
   He **brings home the bacon.**
   သူမိသားစုအတွက် ဝင်ငွေရှာတယ်။
2. **brush up on = (ပြန်လေ့လာသည်။)**
   I need to **brush up on** my English.
   ကျွန်တော်အင်္ဂလိပ်စာကို ပြန်လေ့လာတယ်။
3. **burn bridges = ဆက်ဆံရေးဖျက်ဆီးသည်။**
   Don't **burn** your **bridges.**
   မင်းရဲ့ ဆက်ဆံရေးကို မဖျက်ဆီးပါနဲ့။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about airport English–2 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)

Daily Conversation

Shortest way to talk about airport English–3 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ လေဆိပ် security ကိုဖြတ်တဲ့အခါမှာ ကြုံတွေ့နိုင်တဲ့ ပြဿနာတွေကို ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲ ဆိုတာတွေကို **"Shortest way to talk about airport English–3"** ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Is this your bag, sir?**

**Do you have any liquids?**

**Do you have anything in your pockets?**

**Please place ….**

**I'm afraid …**

၁။ လေဆိပ်မှာ လုံခြုံရေးလို့ခေါ်တဲ့ security ကို ဖြတ်ပြီဆိုရင် သက်ဆိုင်ရာတာဝန်ရှိသူက ဒါမင်းရဲ့ အိတ်လားဆိုပြီး မေးလေ့ရှိပါတယ်။ အဲဒါကို ဘယ်လိုပြောလဲဆိုတော့ –

- Is this your **bag, sir?** ဆိုပြီး ပြောပါတယ်။

၂။ အထဲမှာ အရည်တွေပါလားလို့ သက်ဆိုင်ရာတာဝန်ရှိသူက မေးရင်တော့ ဒီလိုမေးတတ်ပါတယ်။

- **Do you have any liquids?**

၃။ အိတ်တွေထဲမှာ ဘာတွေပါလဲလို့ မေးရင်တော့ ဒီလို မေးပါတယ်။

- **Do you have anything in your pockets?**

၄။ ဒါတွေကို ထားလိုက်ပါတို့၊ တင်လိုက်ပါတို့ စသည်ဖြင့် သက်ဆိုင်ရာစစ်ဆေးသူက ပြောတာကို ကြားဖူးမှာပါ။ အဲလို ပြောတဲ့အခါမှာတော့ Imperative mood နဲ့ပြောလေ့ရှိပါတယ်။ V –inf နဲ့စတဲ့ ဝါကျတွေဟာ တစ်ခါတလေမှာ တစ်ခုခုကို လုပ်ခိုင်းတဲ့ သဘောသုံးပါတယ်။ ဥပမာ–

- **Please place laptops in a separate tray.**
- **Stand on the marks on the floor and raise your arms above you!**

၅။ ပြောရတာအားနာပါတယ်လို့ ပြောချင်ရင်တော့

- **I'm afraid …** ဆိုပြီးပြောပါတယ်။

**Daily Conversation**

**Going through Security**

**Hanna** takes the role of **security officer** and **Dave** is a **passenger** here.

**Hanna: Is this your bag, sir?**

**Dave:** Yes, it is.

**Hanna:** We need to search it. **Do you have any liquids?**

**Dave:** No problem. No, I don't think so.

**Hanna:** I'm afraid we need to take this bottle. You're allowed containers up to 100ml maximum.

**Dave:** Okay, sorry, I completely forgot.

**Hanna:** And this Swiss knife has to go, too.

**Dave:** But, it's important to me!

**Hanna:** I can take it, or you'll have to go back and check this bag.

**Dave:** Well I don't have time for that; I guess you'll have to take it.

**Hanna:** Very well, sir. Here's your bag.

**Dave:** Thanks.

**Dave** takes the role of **security officer** and **Hanna** is a **passenger** here.

**Hanna:** Excuse me, I'm really late for my flight, can I go to the front of the line?

**Dave:** Okay, come forward quickly. Make sure everything is out of your pockets, and please place **laptops in a separate tray.** Please step over this way, ma'am.

**Hanna:** I'm really late for my flight, could I just …

**Dave:** Ma'am, please step over here. **Stand on the marks on the floor and raise your arms above you.** Do you have anything in your pockets?

**Hanna:** Yes, sorry. I still have some money and my keys.

**Dave: Please put them in the tray** and come through again.

**Hanna:** And where's my bag?

**Dave:** It looks like your bag needs to be searched.

**Hanna:** This is ridiculous; I'm going to miss my flight.

**Dave:** Do you have anything sharp in here?

**Hanna:** No, nothing.

**Dave:** You can't take the jars on the airplane.

**Hanna:** Why not?

**Dave:** It's a liquid, ma'am. No liquids over 100ml.

**Hanna:** This is crazy! It's only honey.

**Dave: I'm afraid those are the rules.**

**Hanna:** Fine, keep them.

# UFC 333 တွင် ဗော့ကာနော့ဗ်စကီးက အက်ဗ်လိုယက်ဗ်ကို အနိုင်ယူပြီး ဖဲသာဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပြီး စံချိန်သစ်တင်

UFC 333 ပြိုင်ပွဲကို အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တွင် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ခေါင်းပွဲအဖြစ် ဖဲသာဝိတ်တန်းချန်ပီယံခါးပတ်လုပွဲတွင် အဲလက်ဇန္ဒြား ဗော့ကာနော့ဗ်စကီးက မော့ဗ်ဆာအက်ဗ်လိုယက်ဗ်ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

ပထမအချီတွင် အက်ဗ်လိုယက်ဗ်သည် ပြိုင်ဘက်ကို မြေပြင်ပေါ်



လဲချပြီး ချုပ်ကွက်ဖြင့် အနိုင်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း ဗော့ကာနော့ဗ်စကီးက ကာကွယ်နိုင်ခဲ့သည်။ ဒုတိယအချီတွင် ဗော့ကာနော့ဗ်စကီးက အသာစီးမှ ထိုးသတ်နိုင်ခဲ့ပြီး အားပါပြင်းထန်သော လက်သီးထိုးချက်များကို အက်ဗ်လိုယက်ဗ် ကာကွယ်နိုင်စွမ်းမရှိတော့သည့်အတွက် ဒိုင်လူကြီးက ဒုတိယအချီ ၄ မိနစ်နှင့် ၅၄ စက္ကန့်တွင် ပွဲကို ရပ်တန့်ခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ရုရှားနိုင်ငံသား အက်ဗ်လိုယက်ဗ်သည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရှုံးပွဲမရှိ စံချိန်မှတ်တမ်းကျိုးပျက်ခဲ့သည်။ ၎င်းသည် ယခုပွဲစဉ်မတိုင်မီ ထိုးသတ်ခဲ့သည့် ပွဲ ၂၀ တွင် ပွဲ ၂၀ စလုံး အနိုင်ရရှိအောင် စွမ်းဆောင်ထားသည်။ အသက် ၃၈ နှစ်အရွယ် ဩစတြေးလျနိုင်ငံသား ဗော့ကာနော့ဗ်စကီးသည် UFC သမိုင်းတွင် ဖဲသာဝိတ်တန်းပြိုင်ပွဲ၌ ချန်ပီယံဆုအကြိမ်ရေ အများဆုံး ဆွတ်ခူးနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဒု-ခေါင်းပွဲစဉ်အဖြစ် ထိုးသတ်ခဲ့သည့် ဘန်တန်ဝိတ်တန်းခါးပတ်လုပွဲတွင် ပီတာယန်းက စိန်ခေါ်သူ မာရက်ဒီဗားလစ်ချ်ဗီလီကို အမှတ်ပေးဒိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ပွဲရရှိပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။



## ဘန်လေက ဟေယန်ကို နည်းပြအဖြစ်မှ ထုတ်ပယ်

ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းသည် အသင်းရလဒ်ပိုင်း ဆိုးရွားမှုကြောင့် နစ်ကီဟေယန်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၄၆ နှစ်အရွယ် ဘယ်လ်ဂျီယံလူမျိုးနည်းပြ ဟေယန်သည် ဘန်လေအသင်းသို့ ယခုနှစ် ဇူလိုင်လတွင် ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် တာဝန်ယူကိုင်တွယ်ခဲ့သည့် ၁၄ ပွဲတွင် နှစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး ငါးပွဲသရေနှင့် ခုနစ်ပွဲအထိ ရှုံးနိမ့်ထားသည်။

၎င်းသည် ယခုနှစ်ရာသီတွင် ပရက်စတန်နည်းပြ ပေါလ်ဟက်ကင်းဘော့တန် ပြီးနောက် ဒုတိယမြောက် ထုတ်ပယ်ခံရသည့် ချန်ပီယံရှစ်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘန်လေအသင်းသည် ယခုနှစ်ရာသီတွင် ရလဒ်ဆိုးရွားမှုများနှင့် ကြုံတွေ့နေပြီး ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၁၂) အပြီးတွင် နိုင်ပွဲတစ်ပွဲသာ ရရှိထားသည်။

## နည်းပြကွန်ပနီ၏ ကျန်းမာရေးပြန်ကောင်းမွန်ရန် ရက်သတ္တပတ် အနည်းငယ် ကြာမြင့်နိုင်

ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဗင်းဆင့်ကွန်ပနီသည် အောက်တိုဘာ ၂၃ ရက်က ကလပ်အသင်း၏ အရန်အသင်း



လေ့ကျင့်ရေးဆင်းမှုကို ကြည့်ရှုနေစဉ်အတွင်း လဲကျသွားခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်လိုက်ရကြောင်း သိရသည်။

အသက် ၄၀ အရွယ် ဘယ်လ်ဂျီယံလူမျိုးနည်းပြ ကွန်ပနီသည် မြူးနစ်မြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ ခံယူလျက်ရှိပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်ရန် ရက်သတ္တပတ် အနည်းငယ်ကြာမြင့်နိုင်ကြောင်း သိရသည်။

နည်းပြ ကွန်ပနီလဲကျသွားပြီးနောက် အရေးပေါ် လူနာတင်ရဟတ်ယာဉ်တစ်စင်းသည် ကလပ်အသင်း၏ လေ့ကျင့်ရေးကွင်းအတွင်းသို့ ဆင်းသက်လာခဲ့ကြောင်း၊ နောက်ထပ်အကြောင်းကြားစာ မထုတ်ပြန်မချင်း လက်ထောက်နည်းပြ အာရွန်ဒန့်ခ်နှင့် ကျန်ရှိသည့်အဖွဲ့ဝင်များက လေ့ကျင့်ရေးအစီအစဉ်များနှင့် ပွဲစဉ်များကို ယာယီလွှဲပြောင်းတာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် ၂၀၂၄ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ပွဲပေါင်း ၁၂၂ ပွဲ တာဝန်ယူကိုင်တွယ်ထားရာ ၉၁ ပွဲနိုင်၊ ၁၉ ပွဲသရေနှင့် ၁၂ ပွဲသာ ရှုံးနိမ့်ထားသေးသည်။ ကွန်ပနီ၏ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါတွင် ခြောက်ပွဲကစားပြီး လေးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရမှတ် ၁၄ မှတ်ရရှိထားသည်။

## လာလီဂါပွဲစဉ် (၁၀) တွင် အက်သလက်တီကိုမက်ဒရစ်က အယ်ဗာရက်ဇ်၏ သွင်းဂိုးဖြင့် ဒီပို့တီဗိုကို အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၀) မှ အက်သလက်တီကိုမက်ဒရစ်နှင့် ဒီပို့တီဗိုအသင်းပွဲစဉ်ကို မက်ထရိုပိုလီတာနိုကွင်း၌ အောက်တိုဘာ ၂၅ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုမက်ဒရစ်အသင်းက တိုက်စစ်ကစားသမား အယ်ဗာရက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နိုင်ပွဲရရေး ခြေကုန်ထုတ်လာသည့် ဒီပို့တီဗိုအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်နှင့် ပြိုင်ဘက်အသင်းဂိုးသမား အော့ဘလက်ခ် လက်စွမ်းပြကာကွယ်နိုင်မှုတို့ကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဒီပို့တီဗိုကို အနိုင်ရရှိခဲ့သောကြောင့် လာလီဂါ ၁၀ ပွဲတွင် ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၂၅ မှတ် စုဆောင်းရရှိလာပြီ ဖြစ်သည်။

## ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အယ်လာ ဂျပန်အိုးပင်း ၃၂ ဦးအဆင့်တွင် မီကာနှင့် တွေ့ဆုံ

ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အဲလက်ဇန္ဒြား အယ်လာသည် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပလျက်ရှိသော ဂျပန်အိုးပင်းတင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ဗြိတိန်တင်းနစ်မယ် မီကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အယ်လာသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် ဝူဟန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် ရှီဟန်ကို ၆-၄၊ ၃-၆၊ ၃-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ ဂျပန်အိုးပင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကနေဒါတင်းနစ်မယ် လေလာ ဖာနန်ဒက်စ်ဖြစ်သည်။ ၎င်းသည် ယမန်နှစ် ဂျပန်အိုးပင်းဗိုလ်လုပွဲတွင် တယ်ရီဇာဗလင်တိုဗာကို အကြိတ်အနယ်ယှဉ်ပြိုင်ကာ ဖလားဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ အိုဆာကာ၊ ပါအိုလီနီ၊ မာတင်စ်၊ ရီဘာကီနာ၊ ခဗာလင်စကာ၊ ရှနိုက်ဒါ စသည့် ထိပ်တန်းတင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။





## ပရီမီယာလိဂ်သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ဟာလန်း ဦးဆောင်နေ

မန်စီးတီးအသင်းတိုက်စစ်ကစားသမားဟာလန်းသည် အောက်တိုဘာ ၂၄ ရက်တွင် မန်စီးတီးက အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပရီမီယာလိဂ်သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ကိုးဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဟာလန်းသည် ယမန်နှစ်အပါအဝင် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို သုံးကြိမ်မြောက် ဆွတ်ခူးထားသူဖြစ်သည်။ ယခုနှစ်ရာသီတွင် လီဗာပူးအသင်းတိုက်စစ်ကစားသမား အီဆတ်က သွင်းဂိုး ခြောက်ဂိုးဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။

## ချန်ပီယံရှစ်အမှတ်ပေးဇယားကို မစ်ဒယ်ဘရော့အသင်း ဦးဆောင်နေ

မစ်ဒယ်ဘရော့အသင်းသည် အောက်တိုဘာ ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် ၁၂ တွင် ဘော်လ်တန်ကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီးနောက် ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

မစ်ဒယ်ဘရော့အသင်းကို အသက် ၃၈ နှစ်အရွယ် ဆွီဒင်လူမျိုးနည်းပြ ကင်ဟဲဘတ်က တာဝန်ယူကိုင်တွယ်နေပြီး စုစုပေါင်း ၄၆ ပွဲတွင် ၂၃ ပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ အမှတ်ပေးဇယား ဒုတိယနေရာတွင် ဆွမ်ဆီးအသင်းက ရမှတ် ၂၃ မှတ်ဖြင့် ထက်ကြပ်မကွာ ဖိအားပေးလျက်ရှိသည်။ တန်းဆင်းဇုန်တွင် ရမှတ်အနည်းဆုံးစုဆောင်းရရှိသည့် ဘန်လေ၊ ဒါဘီနှင့် ပရက်စတန်တို့ ကျရောက်နေသည်။

## စီးရီးအေပွဲစဉ် (၈) တွင် လာဇီယိုက ပါးမားကို အနိုင်ရ

အောက်တိုဘာ ၂၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် လာဇီယိုနှင့် ပါးမားအသင်းပွဲစဉ်တွင် လာဇီယိုအသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ လာဇီယိုအသင်းသည် ယခုအနိုင်ပွဲကြောင့် အင်တာမီလန်အသင်းနှင့် ရမှတ် ၂၂ မှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ပြိုင်ဘက် ပါးမားအသင်းက စီးရီးအေရှုံးပွဲ ခြောက်ပွဲ ရှိလာပြီဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ဘုတ်ပြင်းမြို့နယ်၌ မီးဘေးအန္တရာယ်လုံခြုံရေး တစ်အိမ်တက်တစ်အိမ်ဆင်း ကွင်းဆင်းစစ်ဆေး



**ဘုတ်ပြင်း အောက်တိုဘာ ၂၅**

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက် တစ်အိမ်ဆင်း မီးသုံးစွဲမှုများအား စစ်ဆေးခြင်းကို ယနေ့နံနက်က မြို့ပေါ်ရပ်ကွက်များတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးမှုကို ဘုတ်ပြင်းမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးသန်းဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များက အောင်မင်္ဂလာရပ်ကွက်အတွင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အရေးပေါ် မီးငြိမ်းသတ်ရေး ပစ္စည်းများ ထားရှိရေး စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၂၃ ရက်က အမှတ်(၆)ရပ်ကွက် အောင်မြေသာယာစေတီတော်မြတ်ကြီး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့် ဝန်ထမ်းများက စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စေတီတော်၏ မုခ်လေးမုခ်တွင် ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မိသားစုများက အလှူငွေကျပ်သုံးသိန်း လှူဒါန်းခဲ့သည်။ **ဟန်နီ(ပြန်/ဆက်)**

မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသိန်းဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်း၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ ဆက်လူ





မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာ ၂၅ ရက်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် တာဝန်ရှိသူများက မြောင်းမြမြို့နယ် ပိုးလောင်းကျေးရွာအုပ်စု စမ်းချောင်းလေးကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ အထွေး

✽ *ကျောဖုံးမှ*

မြင့်မြတ်အောင်တို့က ထပ်မံသွင်းယူပေးခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးကို ပထမပိုင်း နာကျင်အချိန်ပို ၄၅+၄ မိနစ်တွင် Paung Shin Sang က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Player of the Match ဆုကို Galaxy အသင်းမှ ကွင်းလယ်ကစားသမား မြတ်သူမောင်က ရရှိခဲ့သည်။ **နေမျိုး၊ ဓာတ်ပုံ ML**

# M League II ပြိုင်ပွဲ တက္ကသိုလ်အသင်း Enjoy Brother အသင်းကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၂၅**

M League II 2026-2027 ပြိုင်ပွဲ အပတ်စဉ်(၂) ဒုတိယနေ့ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တက္ကသိုလ်အသင်းက Enjoy Brother အသင်းကို ဂိုးပြတ်အနိုင်ရကာ အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲစဉ်တွင် အမှတ်ပေးဇယား အဆင့်(၁)နေရာမှ တက္ကသိုလ်အသင်းက အဆင့်(၈)နေရာမှ Enjoy Brother အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တက္ကသိုလ်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၀ မိနစ်တွင် ရှိုင်းထက်အောင်(၂)၊ ၂၈ မိနစ်၊ ၅၇ မိနစ်နှင့် ၇၁ မိနစ်(ပယ်နယ်တီ)တွင် အောင်မြင့်မြတ်၊ ၃၇ မိနစ်တွင် အာကာမိုး၊ ၄၅+၃ မိနစ်နှင့် ၇၀ မိနစ်တွင် စန်းပြည့်စုံစိုးနှင့် ၈၅ မိနစ်တွင် မြူဒန်ခွန်တို့က သွင်းယူပေးခဲ့သည်။ Enjoy Brother အသင်းအတွက် ချေပဂိုး နှစ်ဂိုးကို ပွဲချိန် ၂၄ မိနစ်နှင့် ၆၅ မိနစ်တို့တွင် ရီဝေယံက သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို တက္ကသိုလ်အသင်းမှ စန်းပြည့်စုံစိုးက ရရှိခဲ့သည်။

အပတ်စဉ် (၂) တတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၆ ရက်တွင် တက္ကသိုလ်ကွင်း၌ Royal Dagon အသင်းနှင့် Manaw အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး**



## ချောင်းဆုံမြို့နယ်ရှိ မိုးစပါးရိတ်သိမ်းရေးနှင့် ဆောင်းသီးနှံစိုက်ပျိုးရေးဆွေးနွေး



**ချောင်းဆုံ အောက်တိုဘာ ၂၅**
မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ချောင်းဆုံမြို့နယ်အတွင်း မိုးစပါးရိတ်သိမ်းရေးနှင့် ဆောင်းသီးနှံစိုက်ပျိုးရေးကိစ္စ တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မိုးစပါးရိတ်သိမ်းမည့် တောင်သူများ အချိန်မီ စက်သုံးဆီရရှိရေး အလေးထား ဆောင်ရွက်ရန် လိုကြောင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် စိုက်ကေများအတွက် ဦးစားပေး ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်းစိုက်ပျိုးထားသည့် သီးနှံ ၁၄ မျိုး Home Garden စိုက်ခင်းကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ကိုကျော်(ချောင်းဆုံ)**



ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၁ ရက်က မီးဘေးလုံခြုံရေး အသိပညာပေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## တိုက်ကြီးခရိုင်၌ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေး ဆွေးနွေး



**တိုက်ကြီး အောက်တိုဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်၌ ခရိုင်တရားရုံးက ကြီးမှူးကာ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး၊ တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ခရိုင်တရားသူကြီး ဒေါ်မေထွန်းထွန်းအေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက်ရှိ နေအိမ် ၂၁၀ တွင် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝေဇင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၂ ရက်က မီးသုံးစွဲမှုများ စစ်ဆေးစဉ်။ သန်းသန်းအေး(ပြန်/ဆက်)

## ကန့်ဘလူမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်



**ကန့်ဘလူ အောက်တိုဘာ ၂၅**
ကန့်ဘလူမြို့နယ်၌ ဩဂုတ် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ဇော်ဦးက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးကောင်းကျေးရွာ၌ နေအိမ်တစ်လုံးနှင့် ဝက် ၃၇ ကောင် ရေစီးနှင့်အတူ မျောပါပျက်စီးဆုံးရှုံးခဲ့ရပြီး နေအိမ် ၆၆ လုံး၊ လူဦးရေ ၃၀၁ ဦးမှာ ရေဘေးသင့်ခဲ့ရမှုကြောင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် နေအိမ်တစ်လုံးအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ တစ်ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ကော့သောင်းမြို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇော်မိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို အောက်တိုဘာ ၂၃ ရက်က အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်း၌ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



**မြန်အောင် အောက်တိုဘာ ၂၅**
မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်နှင့် တာဝန်ရှိသူများက နတ်တောင်ကျေးရွာ၌ အယ်လ်နီညိုကျရောက်ပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုအခြေအနေများ၊ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှု အခြေအနေများကို အောက်တိုဘာ ၂၃ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန် ဆွေးနွေးပြောကြားပြီး ပြည်သူများ၏တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငယ်လေး**



မိုင်းခတ်မြို့နယ်၌ ပြည်သူများ မီးဘေးလုံခြုံရေးဆိုင်ရာ စည်းကမ်းများ လိုက်နာဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် လုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ အောက်တိုဘာ ၂၃ ရက်က အမှတ်(၁)ရပ်ကွက် (ပါဆံကျ)ရှိ လူနေအိမ်များအား ကွင်းဆင်းစစ်ဆေးစဉ်။
မြို့နယ်(ပြန်/ဆက်)

## အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး



**ပဲခူး အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အသား၊ ငါး၊ ဆန်၊ စားသုံးဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို အပတ်စဉ် သောကြာနေ့တိုင်း ဥသ္သာဝန်ထမ်း အိမ်ရာ၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ပဲခူးတက္ကသိုလ် ဝန်ထမ်းအိမ်ရာရှေ့နှင့် သူနာပြုသင်တန်းကျောင်းတို့၌ အပတ်စဉ် အင်္ဂါနေ့တိုင်းတွင် လည်းကောင်း၊ ရှင်စောပု ဝန်ထမ်းအိမ်ရာနှင့် ဘုရင့်နောင်ဝန်ထမ်းအိမ်ရာတို့၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် လည်းကောင်း သတ်မှတ်နေရာများအလိုက် သက်သာသော ဈေးနှုန်းများဖြင့် ပုံမှန်ရောင်းချပေးလျက်ရှိသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**



ခနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို အောက်တိုဘာ ၂၂ ရက်က ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြသစဉ်။
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ်
တို့တွေရှုသွင်း၊ လေသန့်ရှင်း မခြွင်းရမှာ၊ တောကသာ။













ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

### အပူဒဏ်အန္တရာယ်

- ရေဓာတ်ခန်းခြောက်ခြင်း၊
- အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)၊
- အသက်အန္တရာယ်ဖြစ်ခြင်း။



ဆောင်ရွက်ရန် -
- ရေများများသောက်ပါ၊
- အရိပ်ရ၍အေးမြသောနေရာတွင်အနားယူပါ၊
- အပြင်သွားရလျှင် ထီး၊ ဦးထုပ်ဆောင်းပါ၊
- အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချိုရည် လွန်ကဲစွာ သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။

### ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုကြောင့် မသန့်ရှင်းသောရေနှင့်အစားအစာများမှ ကူးစက်ဖြစ်ပွားနိုင်သောရောဂါများ

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊
- ဝမ်းကိုက်ရောဂါ၊
- အစာအဆိပ်သင့်ခြင်း၊
- တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါများ၊
- အရေပြား /မျက်စိ ရောဂါများ။



ဆောင်ရွက်ရန် -
- ဆူပွက်အောင်ကျိုချက်ထားသောရေ သို့မဟုတ် သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊
- ပူပူနွေးနွေးချက်ပြုတ်စားသောက်ပါ၊ ယင်နားစာများကို မစားပါနှင့်၊
- လက်ကို ဆပ်ပြာနှင့်ရေသုံးပြီး စနစ်တကျ မကြာခဏ ဆေးကြောပါ။

### ခြင်ပေါက်ပွားမှုများပြားခြင်းကြောင့် ဖြစ်ပေါ်သောကူးစက်ရောဂါများ

- သွေးလွန်တုပ်ကွေးရောဂါ၊
- ငှက်ဖျားရောဂါနှင့်
- ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ။



ဆောင်ရွက်ရန် -
- ခြင်နှင့်ပိုးလောက်လမ်း ပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားပါ၊
- ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများကို အဖုံးလုံအောင် ပိတ်ထားပါ၊
- ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာအိပ်စက်ပါ။

### ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

ဖုန်မှုန့်နှင့် မီးခိုးငွေ့များကြောင့်
- ပန်းနာရင်ကြပ်၊
- ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း။



ဆောင်ရွက်ရန် -
- ဖုန်မှုန့်နှင့်မီးခိုးငွေ့များပြားချိန်တွင်
  - နှာခေါင်းစည်းတပ်ဆင်ပါ၊
  - အိမ်တွင်းလေထုသန့်ရှင်းအောင် ထိန်းသိမ်းပါ၊
- တောမီးအန္တရာယ်သတိပြုပါ။

**ရိုးရှင်းပြီး ထိရောက်သည့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလိုက်နာဆောင်ရွက်ပါက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ခြေကို ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်ပါသည်။**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

## အမြင့်ဆုံး နေ့အပူချိန်များ (၂၅-၁၀-၂၀၂၆)

| | | |
|---|---|---|
| ချောက်မြို့ | ၃၇ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံမြို့ | ၃၇ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၃၇ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၃၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၃၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် (လွန်ကျော်) | ၃၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံမြို့ | ၃၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်းမြို့ | ၃၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင်မြို့ | ၃၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |




## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်-၁၃(ခ)ဆိပ်ငယ်မြောက်ကွက်သစ်ကွင်း၊ မြေကွက်အမှတ်(၄၂)၊ မြေဧရိယာ ၀ ဒသမ ၀၇၆ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၀၀/၂၀၁၀-၂၀၁၁ အရ ဦးသိန်းစိုး အမည်ဖြင့် ရရှိခဲ့ပြီး (၁၅-၁၂-၂၀၁၇)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသိန်းစိုး ၆/မအရ(ဧည့်)၀၀၀၀၇၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၇/ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၂၅၉)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧက အား မြေငှားဂရန်အမှုတွဲအမှတ် ၃၇/၁၉၉၃- ၁၉၉၄ အရ ဦးအောင်သိန်း အမည်ဖြင့် ရရှိခဲ့ပြီး (၁၉-၁၂-၂၀၂၃) ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်သိန်း ၆/မအရ(နိုင်)၀၆၁၆၈၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်-၅(က)ကန်ဖျားကွင်း၊ ဦးပိုင်အမှတ် (၁၈/၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၂၉၂/ ၂၀၀၀-၂၀၀၁ အရ ဦးအောင်ကိုကို အမည်ဖြင့် ရရှိခဲ့ပြီး မူလ ဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးကျော်လင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁/၂၀၁၀)ဖြင့် ဦးဝင်းဦး-ဒေါ်နှင်းဝေဖြိုးတို့မှ ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန် အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဝင်းဦး ၆/ကစန(နိုင်)၀၄၅၅၈၉၊ ဒေါ်နှင်းဝေဖြိုး ၆/ပလန(နိုင်)၀၄၀၄၅၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄-ခတ/ဆိပ်ငယ်ကွင်း၊ ဦးပိုင်အမှတ်(၃၇)၊ မြေဧရိယာ သုည ဒသမ ၀၅၂ ဧက အား မြေငှားဂရန်အမှုတွဲအမှတ် ၁၂၇/၂၀၀၀- ၂၀၀၁ အရ ဒေါ်နန်းယဉ်အမည်ဖြင့် ရရှိခဲ့ပြီး (၁၈-၉-၂၀၂၆) ရက်တွင် မြေငှားဂရန် သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်နန်းယဉ် ၁၂/မရက (နိုင်) ၁၂၂၅၂၀ မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်(၅)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇)၊ မြေကွက်အမှတ်(၈၁၈)၊ မြေဧရိယာ (၀.၀၆၂) ဧကရှိ မြေအား ဒေါ်ဒေစီဝင်းမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အ မည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄-BS/ဆိပ်ငယ်ကွင်း၊ မြေကွက်အမှတ်(၁၁)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၉၇/၁၉၉၈-၁၉၉၉ အရ ဦးဝင်းထိန်-ဒေါ်ဝင်းရွှေတို့အမည်ဖြင့် ရရှိခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးဝင်းထိန် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်ဝင်းရွှေမှ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလွှာစာချုပ်အမှတ်(၀၈၈/၂၀၂၆) ဖြင့် မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဝင်းရွှေ ၆/မအန(နိုင်)၀၀၀၉၃၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ် (၁၁-၂၁/၄၃)၊ ဦးပိုင်အမှတ် (၅၊ ၁၄၊ ၃၉) မြေကွက်အားလုံးတို့မှာ ဦးမြင့်ဟန် (ကွယ်လွန်)နှင့်ဇနီး ဒေါ်ခင်သူထွေးတို့ပိုင်ဆိုင်သည့် မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်များမှာ ၁။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(၁၁-၂၁)၊ ဦးပိုင်အမှတ်(၅)မြေကွက်၏ (မြောက်ဘက်ခြမ်း) ပေ (၃၀x၄၀)အကျယ်အဝန်းရှိ မြေကွက်အား မြေနေရာချထားရေးနှင့် မြို့ကွက်သစ် တည်ဆောက်ရေးကော်မတီမှ ဦးမောင်မာင်ဦး (ဘ) ဦးသိန်းဇံ (MDYSW-၀၁၀၄၁၆) အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏ မြေနေရာချထားပေးရေး စာရွက်မိတ္တူ၊ အရပ်ကတိစာချုပ် အဆင့်ဆင့်မူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ၊ ၂။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ် (၁၁-၂၁)၊ ဦးပိုင်အမှတ် (၁၄)မြေကွက်၏(မြောက်ဘက်ခြမ်း) ပေ (၃၀x၄၀)အကျယ်အဝန်းရှိ မြေကွက်အား မြေနေရာချထားရေးနှင့် မြို့ကွက်သစ် တည်ဆောက်ရေးကော်မတီမှ ဦးဝင်းအောင်(ဘ)ဦးဖြူစူး ၉/မနတ(နိုင်)၀၈၂၇၄၂ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏ မြေနေရာချထားပေးရေး စာရွက်မူရင်း၊ အရပ်ကတိစာချုပ် အဆင့်ဆင့်မူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ၊ ၃။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့ကွက်သစ်၊ အကွက်အမှတ်(၁၁-၄၃)၊ ဦးပိုင်အမှတ် (၃၉)မြေကွက်၏ (တောင်ဘက်ခြမ်း) ပေ(၃၀x၄၀)အကျယ်အဝန်းရှိမြေကွက်အား မြေနေရာချထားရေးနှင့် မြို့ကွက်သစ်တည်ဆောက်ရေးကော်မတီမှ ဦးထွန်းလင်း(ဘ) ဦးစံကွန့် ၉/မနတ(နိုင်) ၀၄၅၈၂၄ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏ မြေနေရာချထားပေးရေး စာရွက်မူရင်း၊ အရပ်ကတိစာချုပ်အဆင့်ဆင့်မူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများ၊ အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများအားလုံးတို့မှာ (၁၅-၆-၂၀၂၄) ရက်က ဦးမြင့်ဟန် ကွယ်လွန်သည့်အချိန်တွင် ပျောက်ဆုံးသွားခဲ့ပါသည်။ သို့အတွက် အဆိုပါစာရွက်စာတမ်းမူရင်းများအားလုံးတို့အား လက်ဝယ်ရှိသူအနေဖြင့် ဦးမြင့်ဟန်၏ဇနီး ဒေါ်ခင်သူထွေးထံသို့ ဤကြေညာစာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ပေးအပ်ရန်အသိပေးကြေညာပါသည်။ ယင်းစာရွက်စာတမ်းများကို အကြောင်းပြု၍ မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အဆောက်အအုံများအား ဒေါ်ခင်သူထွေး၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်သူထွေး(ဘ)ဦးစိုးမြင့်** | **ဒေါ်မြမြငွေး(တရားလွှတ်တော်ရှေ့နေ)** |
| **၉/မခန(နိုင်)၁၅၁၃၃၁** | **(စဉ်-၉၅၉၆)** |
| **ဖုန်း - ၀၉-၇၈၅၈၉၁၉၇၀** | **၆၆(အေ)လမ်း၊ ၁၁၀(စီ)လမ်း၊ အမှတ်(၅)** |
| | **ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊** |
| | **မန္တလေးမြို့၊ ဖုန်း - ၀၉-၄၄၁၀၁၈၈၄၆** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် (၂၅) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆) ထပ်တိုက်၏ စတုတ္ထထပ်(၅လွှာ/အေ)၊ (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အခန်း)၊ အကျယ်အဝန်း(၁၅ x ၆၀)ပေရှိ RC တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ယခုရောင်းပိုင်ခွင့်ရှိသူ ဒေါ်စုဝါဝင်း (၉/ခအဇ(နိုင်)၀၃၂၅၅၉) ၏ကိုယ်စား သူမ၏မိခင်ရင်းဖြစ်သူ ဒေါ်ခင်မမ ထံသို့ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ဒေါ်နွေးယုအောင် (၁၂/ကမရ(နိုင်)၀၅၅၈၁၁)မှ အသိသက်သေများနှင့်အတူ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြေညာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွေးယုအောင်**
**ဖုန်း-၀၉ ၄၂၀၁၅၁၄၁၆**

**အိမ်ပြင်ပဉ္စထွန်းသော**
**မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှိုင်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ပိုင် မြေပေါ်တွင် ဆောက်လုပ်ထားသော ခနသီရိတာဝါ၊ တိုက်အမှတ်(၅၇)၊ အခန်းအမှတ်(C-7)၊ အကျယ်အဝန်း(၁၃၂၀ စတုရန်းပေ)၊ ကားပါကင် တစ်စီးစာ၊ ကွန်ဒိုတိုက်ခန်း(၁)ခန်း၊ အဆက်ဆက်အရောင်း အဝယ်စာချုပ်မူရင်းများအပါအဝင် ၎င်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထိပ်ထားဦး ၁၂/သဃက(နိုင်)၀၁၃၁၄၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေသက်မွန်အောင်၁၄/အဂပ(နိုင်)၂၀၈၅၅၄ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကို အများသိစေရန် ကြေညာခြင်း

ဦးအေးသူရနိုင် ၁၂/ပဘတ(နိုင်)၀၃၃၁၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအေးသူရနိုင်၏ ဇနီးဖြစ်သူ ဒေါ်ပိုးဧကရီလှဝင်း ၁၂/ဗတထ(နိုင်)၀၄၁၂၆၅ သည် ဦးအေးသူရနိုင် မသိရှိဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုလုပ်၍ နေအိမ်မှ (၈-၁၂-၂၀၂၃) ရက်တွင် ၎င်း၏ဆန္ဒအလျောက် ဆင်းသွားခဲ့ပါသည်။ ၎င်း၏ပြုလုပ်မှုများကြောင့် ဦးအေးသူရနိုင်သည် များစွာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ ဦးအေးသူရနိုင်မှ ဒေါ်ပိုးဧကရီလှဝင်းအား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ငွေကြေးကိစ္စများနှင့် အခြားသော ကိစ္စရပ်များသည် ဦးအေးသူရနိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နွယ်နီငွေး ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၁၉၉၂)**
**အမှတ် (၃၇)၊ ၆ လွှာ(A)၊ ပဒေသာလမ်း၊ မြေနီကုန်း (တောင်)**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းနှင့် အများသိစေရန်သတိပေးကြေညာခြင်း

(ဘ) ဦးအောင်စိန်၏သား ဦးအောင်ကျော်မိုးနိုင် ၁၂/တကန(နိုင်)၁၁၁၈၉၄နှင့် (ဘ) ဦးတင်ဝင်း၏သမီး ဒေါ်နှင်းယုဝင်း ၈/ရနခ(နိုင်)၀၇၉၆၁၆ တို့သည် (၅-၂-၂၀၂၅)ရက်တွင် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို တစ်ဦးနှင့်တစ်ဦး ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပတ်သက်စပ်ဆိုင်ခြင်း အလျှင်းမရှိတော့ပါ။ ထို့ကြောင့် ဦးအောင်ကျော်မိုးနိုင်နှင့် သက်ဆိုင်သည့်ငွေကြေးကိစ္စများနှင့်တကွ ၎င်း၏ဆောင်ရွက်မှု မှန်သမျှသည် ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသလို ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါ။ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား မိမိတို့နှစ်ဦး၏ဆန္ဒအရ ဆောင်ရွက်ခွဲဝေပြီးခဲ့ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ စမ်းချောင်းလေးကျေးရွာ၊ (၂၇)ရပ်ကွက်၊ ဓမ္မိကာရုံလမ်း၊ အမှတ်(၈၁)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးမှာ ဒေါ်နှင်းယုဝင်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး ဦးအောင်ကျော်မိုးနိုင် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ထို့အပြင် Social Media Platform အသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းယုဝင်း၏ လူမှုရေး၊ စီးပွားရေး၊ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေရန် ရည်ရွယ်ပြီး မဟုတ်မမှန်သောအကြောင်းအရာ ပြောကြားခြင်း၊ ရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်စွပ်စွဲ ပြောဆိုခြင်းများ မပြုလုပ်ရန် အလေးအနက် တားမြစ်သတိပေးလိုက်ပါသည်။ တားမြစ်သတိ ပေးချက်အား လိုက်နာခြင်းမရှိဘဲ ဒေါ်နှင်းယုဝင်း၏ လူမှုရေး၊ စီးပွားရေး၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာကျဆင်းစေရန်ရည်ရွယ်ပြီး ဆောင်ရွက်သူ မည်သူကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းယုဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၇၅၃)**
**ဖုန်း-၀၉-၄၁၂၉၉၉၀၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် (၃၀၃/က)နေ ဒေါ်ငွေးရီ ၁၄/ကလန(နိုင်)၀၁၇၂၀၅၏သားဖြစ်သူ မောင်သူရအောင် ၁၂/ဒဂရ (နိုင်) ၀၁၈၈၀၄သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲစေသည့်ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သို့သော ကိစ္စမျိုးကိုမဆို မိခင်ဖြစ်သူ ဒေါ်ငွေးရီမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်သူရအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၈၅၇/၂၂-၁၂-၂၀၂၃)**
**အမှတ် (၉၉)၊ အနောက်မြို့ပတ်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၈၉၆၄၆၂၆**

## ဒဂုံတက္ကသိုလ်
## အဝေးသင် သင်တန်း
## (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ် (အဝေးသင် သင်တန်း) ၂၀၂၅ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**၁။ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၇-၁၂-၂၀၂၆ ရက် ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း - နံနက် ( ၉ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - မြန်မာစာ စမ-၁ မှ စမ-၄၅၆ အထိ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)
ဒဿနိကဗေဒ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

သိပ္ပံဘွဲ့ - သတ္တဗေဒ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - မြန်မာစာ စမ-၄၅၇ မှ စမ-၉၅၀ အထိ၊
စိတ်ပညာ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**[အစမ်းလေ့ကျင့်ရန်- ၁၆-၁၂-၂၀၂၆ ရက် ( ဗုဒ္ဓဟူးနေ့ )၊ နံနက်ပိုင်း ( ၉ : ၀၀ )နာရီ]**

**၂။ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၈-၁၂-၂၀၂၆ ရက် ( သောကြာနေ့ )**

**နံနက်ပိုင်း - နံနက် ( ၉ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - မြန်မာစာ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)
အင်္ဂလိပ်စာ စအ-၁ မှ စအ-၃၇၄ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ စအ-၃၇၅ မှ စအ-၇၅၈ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

သိပ္ပံဘွဲ့ - ရုက္ခဗေဒ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**[အစမ်းလေ့ကျင့်ရန်- ၁၆-၁၂-၂၀၂၆ ရက် ( ဗုဒ္ဓဟူးနေ့ )၊ မွန်းလွဲပိုင်း ( ၁ : ၀၀ )နာရီ]**

**၃။ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၀-၁၂-၂၀၂၆ ရက် ( တနင်္ဂနွေနေ့ )**

**နံနက်ပိုင်း - နံနက် ( ၉ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - ပထဝီဝင် စပ-၁ မှ စပ-၃၀၁ အထိ၊ ဒဿနိကဗေဒ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

သိပ္ပံဘွဲ့ - သင်္ချာ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)
ပထဝီဝင် စပ-၃၀၂ မှ စပ-၆၅၄ အထိ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

သိပ္ပံဘွဲ့ - ရုက္ခဗေဒ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

**[အစမ်းလေ့ကျင့်ရန်- ၁၉-၁၂-၂၀၂၆ ရက် ( စနေနေ့ )၊ နံနက်ပိုင်း ( ၉ : ၀၀ )နာရီ]**

**၄။ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၁-၁၂-၂၀၂၆ ရက် ( တနင်္လာနေ့ )**

**နံနက်ပိုင်း - နံနက် ( ၉ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - သမိုင်း စသ-၁ မှ စသ-၅၆၅ အထိ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

သိပ္ပံဘွဲ့ - ရူပဗေဒ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - သမိုင်း စသ-၅၆၇ မှ စသ-၁၁၅၀ အထိ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

သိပ္ပံဘွဲ့ - ဓာတုဗေဒ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

**[အစမ်းလေ့ကျင့်ရန်- ၁၉-၁၂-၂၀၂၆ ရက် (စနေနေ့ )၊ မွန်းလွဲပိုင်း ( ၁ : ၀၀ )နာရီ]**

**၅။ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၃-၁၂-၂၀၂၆ ရက် ( ဗုဒ္ဓဟူးနေ့ )**

**နံနက်ပိုင်း - နံနက် ( ၉ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)
စိတ်ပညာ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

သိပ္ပံဘွဲ့ - ရူပဗေဒ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - ပထဝီဝင် (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

သိပ္ပံဘွဲ့ - ဓာတုဗေဒ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**[အစမ်းလေ့ကျင့်ရန်- ၂၂-၁၂-၂၀၂၆ ရက် ( အင်္ဂါနေ့ )၊ နံနက်ပိုင်း ( ၉ : ၀၀ )နာရီ]**

**၆။ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၄-၁၂-၂၀၂၆ ရက် ( ကြာသပတေးနေ့ ) နံနက်ပိုင်း - နံနက် ( ၉ : ၀၀ )နာရီ**

ဥပဒေဘွဲ့ - ဥပဒေပညာ

ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

သိပ္ပံဘွဲ့ - သတ္တဗေဒ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**ညနေပိုင်း - မွန်းလွဲ ( ၂ : ၀၀ )နာရီ**

ဝိဇ္ဇာဘွဲ့ - သမိုင်း (တက္ကသိုလ်ဝင် ၂၀၂၀ အောင်)

သိပ္ပံဘွဲ့ - သင်္ချာ (တက္ကသိုလ်ဝင် ၂၀၁၉ အောင်)

**[အစမ်းလေ့ကျင့်ရန်- ၂၂-၁၂-၂၀၂၆ ရက် ( အင်္ဂါနေ့ )၊ မွန်းလွဲပိုင်း ( ၁ : ၀၀ )နာရီ]**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၃-၁၂-၂၀၂၆ ရက်နေ့မှ ၁၄-၁၂-၂၀၂၆ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**(သန်းစိုးဦး)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၁၃၊ ဦးပိုင်အမှတ် ၃၆-ဖ/၃၀x၃၁ ကြား၊ ၇၄x၇၅ လမ်းကြားရှိ ဒေါ်အမာ၊ ဦးညီညီလွင်၊ ဒေါ်ခင်ညို အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်အမာသည် ကိုတ္တိမမွေးစားစာချုပ်အမှတ် (၁၆၈၅/၂၀၂၀)ဖြင့် ဒေါ်ပြည့်မွန်သော်အား မွေးစားခဲ့ပြီး၊ မွေးစားမိခင် ဒေါ်အမာ(အပျိုဘဝ) ကွယ်လွန် ၍ ကျန်ရစ်သူ မွေးစားသမီးနှင့် ကျန်ပူးတွဲအမည်ပေါက်သူတို့ဖြစ်သော ဦးညီညီလွင် ၉/မရမ(နိုင်) ၀၀၉၂၂၃၊ ဒေါ်ခင်ညို ၉/ခအဇ(နိုင်)၀၈၁၃၀၃၊ ဒေါ်ပြည့်မွန်သော် ၉/ခအဇ(နိုင်) ၀၁၅၃၈၈တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၀၂၊ ဦးပိုင်အမှတ် ၅၈/ခိုင်ရွှေဝါလမ်း၊ ၇၈လမ်းxရန်-မန်းလမ်းကြားရှိ ဦးကိုငွေး၊ ဒေါ်နန်းဆိုင် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးကိုငွေး ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီးဒေါ်နန်းဆိုင် ၁/မကတ(နိုင်)၀၂၉၃၄၀ (၎င်း၏SPရရှိသူ ဦးနန်းလွင်)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် ၈၄၄၊ ဦးပိုင်အမှတ်(၄၀+၄၁)ခဲစင်းမြောက်ခြမ်း/၄၂x၄၃ ကြား၊ ၉၀x၉၁ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးကံမြင့်ပါ-၃ ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂၆၁/၁၉၉၈)ဖြင့် ဦးခင်ဇော်၊ ဒေါ်ခင်ငွေးဝင်းတို့က ဝယ်ယူခဲ့ပြီး ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၅၁/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သော ဖခင် ဦးမြင့်မောင်၊ မိခင် ဒေါ်ရင်စန်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်မို့မို့မြင့်မောင် ၉/မဟမ(နိုင်)၀၀၆၇၄၃၊ ဦးအာကာမြင့်မောင် ၉/မဟမ (နိုင်)၀၁၆၇၄၂ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်ခံ စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၉၇၊ ဦးပိုင်အမှတ် ၈/၈၄ လမ်း၊ မြေစွန်းဝန်ဘုရားအရှေ့ဘက်အနီးရှိ ဦးငွေမြ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးငွေမြ၊ မိခင် ဒေါ်ကြင်ယုံ၊ သား ဦးထွန်းဝင်းနှင့် ဇနီး ဒေါ်မြင့်အေးတို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီး၊ မြေးတို့ဖြစ်ကြသော ဦးထွန်းကျော် ၉/မရတ(နိုင်)၀၄၈၈၅၄၊ ဒေါ်တင်တင်ဝင်း ၉/မရတ(နိုင်) ၀၄၈၈၅၅၊ ဦးအောင်ဝင်း ၉/မရတ(နိုင်)၁၁၇၈၄၂၊ ဒေါ်လှလှဝင်း ၉/မရတ(နိုင်) ၁၁၇၈၄၃၊ ဒေါ်ဝင်းသူဇာခိုင် ၉/ခမစ(နိုင်)၀၄၈၉၀၀တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာ ဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၂၆)၊ ဦးပိုင်အမှတ်(၃၂)၊ ၁၈x၁၉ ကြား၊ ၈၆x၈၇ လမ်းကြားရှိ ဦးထွန်းခင်၊ ဒေါ်ငွေကြိုင်တို့အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ် (၁၂၂၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးခင်မောင်အေး ၉/မနမ(နိုင်)၀၅၀၁၆၁၊ ဒေါ်တင်တင်ဝင်း ၉/မနမ(နိုင်)၀၅၀၁၇၄၊ ဒေါ်ချစ်မြိုင် ၅/စကန(နိုင်)၁၃၈၂၅၆၊ ဒေါ်ချိုချိုမြင့် ၉/မနမ(နိုင်)၀၅၀၁၆၆၊ ဦးအောင်မင်းထွန်း ၉/မနမ(နိုင်)၁၂၀၆၆၆၊ ဒေါ်အေးအေးထွေး ၉/မနမ(နိုင်)၁၂၁၄၅၆၊ ဦးမင်းသိန်းငွေ ၉/မနမ(နိုင်)၁၂၁၄၃၆ တို့က အမှုတွဲအမှတ် (၃၀၈၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ ဆေးရုံရပ်ကွက်၊ အကွက်အမှတ် နှင့်အမည် (၂-ခ၊ ဖြူးဈေးရပ်)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ (၀.၀၅၂) ဧကရှိမြေအား ဒေါ်နွယ်နွယ်ဝင်း၊ ဦးမြတ်သုခ အမည်ဖြင့်မြေငှားဂရန်အသစ်တင်ပြ လျှောက်ထားလာမှုနှင့်ပတ်သက်၍ကျိုး ကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက် မှစ၍ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများပြည်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ၊ ဖြူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ မြို့မအနောက်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁-ဃ၊ ဖြူးမြို့မရပ်)၊ ဦးပိုင်အမှတ် (၇၃)၊ ဧရိယာ (၀.၀၉၂) ဧကရှိမြေအား ဦးကျော်မင်း အမည်ဖြင့် သက်တမ်းတိုး/အမည်ပြောင်း/ ဦးပိုင်ခွဲ မြေငှားဂရန် တင်ပြ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထား ခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှား ဂရန် ထုတ်ပေး ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဖြူးမြို့**

## မိခင်အမည်မှန်

ရွှေပြည်သာမြို့၊ အထက (ခွဲ)လ (၁၁) Grade-12 မှ မောင်နိုင်လင်းဦး၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းဝေရီ ၁၄/ကပန (နိုင်) ၂၉၅၈၄၉ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းဝေရီ**

## မိခင်အမည်မှန်

ရွှေပြည်သာမြို့၊ ရွှေတံခါး ကိုယ်ပိုင် မူလတန်းကျောင်း Grade-5 မှ မောင်ကောင်းခန့်ထွန်း ၏ မိခင်အမည်မှန်မှာ ဒေါ်ကေသီ ၁၂/ရပသ (နိုင်) ၁၅၂၈၂၃ ဖြစ်ပါကြောင်း။

**ဒေါ်ကေသီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက် အမှတ် ၇၂၀၊ ဦးပိုင်အမှတ် ၉၇/၂၈x၂၉ ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဦးမြင့်၊ ဒေါ်စန်းစန်းမြ၊ ဦးသန်းလှိုင် အမည်ပေါက် ဂရန်မြေကွက်အား ၎င်းတို့ထဲမှ ခင်ပွန်း ဦးမြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့် ကျန်ပူးတွဲပိုင်ဆိုင်သူတို့ဖြစ်ကြသော ဒေါ်စန်းစန်းမြ ၉/မရတ(နိုင်)၀၆၇၃၂၆၊ ဦးသန်းလှိုင် ၉/မရမ(နိုင်)၀၂၉၇၃၆၊ ဒေါ်ညွှန့်ရီ ၉/မရမ (နိုင်) ၀၂၉၈၂၄ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၀၈၊ ဦးပိုင်အမှတ် ၂၁-ဃ/၂၂x၂၆ လမ်းကြား၊ ၉၁လမ်းxသင်္ဘောချောင်းပတ်လမ်းရှိ ဦးစိုင်းမြတ်ဝဏ္ဏထွန်း၊ ဦးသဲဘိုဘိုထွန်း၊ ဦးဟိန်းပြည့်စုံထွန်း အမည်ပေါက် ဘိုးဘမြေကွက်အား ဦးသဲဘိုဘိုထွန်း (လူပျိုဘဝ) ကွယ်လွန်၍ ကျန်ပူးတွဲအမည် ပေါက်သူများဖြစ်ကြသော ဦးစိုင်းမြတ်ဝဏ္ဏထွန်း ၉/မနတ (နိုင်) ၀၀၄၂၁၇၊ ဦးဟိန်းပြည့်စုံထွန်း ၉/ပကခ(နိုင်)၀၀၈၀၈၉တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၅၈၈-ဃ/၀၀-၃၁၊ ဦးပိုင်အမှတ် ၃၅၊ ၆၂x၆၃ ကြား၊ ၁၄၂.Aလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်ရီ ၁၃/ဖခန(နိုင်)၀၂၉၃၀၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၆၇/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မျိုးအောင် ၉/သပက (နိုင်) ၀၅၂၈၁၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉-က၊ ဦးပိုင်အမှတ် ခ-၁၂၇/ ရန်- မန်းကားလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောတိုးတိုး ၂/လကန (နိုင်)၀၁၇၀၂၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ် ၆/ ၅၀ x ၅၁ ကြား၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်နှင်းကြိုင် ၉/မရတ (နိုင်) ၀၃၅၇၈၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ( ၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

